ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ စနေနေ့၊ (2-10-2010) (၆၅၃၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၅ သို့☆**

၂-၁၀-၂၀၁၀
(စနေနေ့)

စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်း

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်နေကြသည်။ နယ်မြေဒေသ တစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေရေး အခြေခံလိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း၌ စီးပွားရေးကဏ္ဍများအလိုက် စီမံကိန်းလုပ်ငန်းများစွာကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နေကြပြီ။ အချို့စီမံကိန်းများ ပြီးစီးနေပြီ။ အကောင်အထည်ဖော်နေဆဲ စီမံကိန်းများလည်းရှိသည်။ ဆက်လက်တိုးချဲ့တည်ဆောက်သွားမည့် စီမံကိန်းလုပ်ငန်းများလည်း များစွာရှိသေးသည်။ စီမံကိန်းများ မြန်ဆန်စွာ တည်ဆောက်ပြီးစီးသည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပိုမိုအထောက်အကူပြုနိုင်မည်။ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ အကျိုးခံစားခွင့် အချိန်စော၍ ရရှိနိုင်ကြမည်ဖြစ်သည်။

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အိုးဘိုကျေးရွာအနီးတွင် အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံ(ပုသိမ်) စီမံကိန်းကို အကောင်အထည်ဖော်နေသည်။ ၂၀၀၄ ခုနှစ် မတ် ၂၄ ရက်မှစတင်၍ တည်ဆောက်ခဲ့ရာ ယခုအခါ ၉၃ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးနေပြီ။ စီမံကိန်းပြီးစီးပါက စက်ရုံမှ တစ်ရက်လျှင် ယူရီးယားတန် ၅၀၀ နှင့် အမိုးနီးယား ၃၂၅ တန် ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

အဓိကစီးပွားရေးလုပ်ငန်းကြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေရရှိရေး ဆည်တမံပေါင်း ၂၀၀ ကျော်ကို တည်ဆောက်ပေးထားပြီးဖြစ်သည်။ သီးနှံမျိုးကောင်းမျိုးသန့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်နှင့် စိုက်ပျိုးရေးဆိုင်ရာများကို စီမံဖြည့်ဆည်းပေးနေသည်။ သီးနှံအထွက်တိုးရေးအတွက် ဓာတ်မြေဩဇာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)နှင့် ယခု အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ(ပုသိမ်)တို့ကို ထပ်မံတည်ဆောက်နေခြင်းဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ရေးအခြေခံဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နေသည်။ မြန်မာ့မီးရထားက ပုသိမ် (ဘဲဂရက်) -အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်းကို ဖောက်လုပ်နေပြီ။ အဆိုပါ ရထားလမ်းသည် မိုင် ၈၀ ကျော်ရှိပြီး ပုသိမ်-ကန်ကြီးထောင့်၊ ကျောင်းကုန်း-အိမ်မဲ၊ ပန်းတနော်၊ ညောင်တုန်းနှင့် လှိုင်သာယာမြို့နယ်တို့ကို ဖြတ်သန်းဖောက်လုပ်လျက်ရှိရာ ဒေသထွက်ကုန် ရောင်းဝယ်တင်ပို့မှုအတွက် များစွာအကျိုးပြုမည်ဖြစ်သည်။

အကောင်အထည်ဖော်နေဆဲ စီမံကိန်းလုပ်ငန်းများသည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အစဉ်ရှေးရှုနေသည်။ လယ်ယာကဏ္ဍ၌ ဆည်တမံများ တိုးချဲ့တည်ဆောက်ပြီးစီးလျက်ရှိရာ သီးနှံစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာနေပြီ။ ကားလမ်း၊ ရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းများ အပါအဝင် စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းစွမ်းဆောင်ကြခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်းရရှိလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေကျင်တပ်နယ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရွှေကျင်တပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်တပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ တာဝန်ရှိသူများထံ ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

တိုင်းမှူးသည် စက်တင်ဘာ ၂၄ ရက်တွင် ရွှေကျင်တပ်နယ် ဒုံဇရစ်ကျေးရွာ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး တာဝန်ရှိသူထံ ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

တိုင်းမှူးသည် စက်တင်ဘာ ၂၅ ရက်တွင် ရွှေကျင်တပ်နယ် ဇလုတ်ကြီးကျေးရွာ နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းရှိ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး တာဝန်ရှိသူထံ ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ပစ္စည်းများ ပေးအပ်ခဲ့သည်။

တိုင်းမှူးသည် စက်တင်ဘာ ၂၆ ရက်တွင် ရွှေကျင်တပ်နယ် ဒိုက်ဦးမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံ တပ်ရင်းရှိ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထို့နောက် တိုင်းမှူးသည် ပြွန်တန်ဆာမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ပညာရည်ချွန်ဆု ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အလှူရှင်များက ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အလှူရှင်မိသားစုဝင်များက ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူးသည် ကျောင်းဆောင်သစ် ဆောက်လုပ်မည့်နေရာနှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၀ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမဆောင်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် အားကစားသမားများ သတ်မှတ်နေရာ၌ နေရာယူကြပြီး မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က အဖွင့်အမှာစကားပြောကြားကာ **(အောက်ပုံ)** ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

စတင်ကျင်းပ

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများ အားကစားသစ္စာ အဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ပြန်လည်ထွက်ခွာကြကာ ပြိုင်ပွဲများကို စတင်ကျင်းပသည်။

ရှစ်သင်းပါဝင်

အဆိုပါ ပြိုင်ပွဲကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ယင်းအားကစား လေ့ကျင့်ရေးခန်းမဆောင်၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အသင်းရှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများ အရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁

ထိုင်းနိုင်ငံရှိ Department of Export Promotion Group စိန်ဂေဟာကုမ္ပဏီနှင့် ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပြုလုပ်သည့် Mini Thailand Exhibition 2010 ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ပါရမီလမ်း(အင်းစိန်လမ်းမနှင့် ဗဟိုလမ်းကြား)ရှိ စိန်ဂေဟာပါရမီစင်တာ၌ ကျင်းပရာ စိန်ဂေဟာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံ Liu De Sec Co.Ltd. ဥက္ကဋ္ဌ Mr. Yingkiat Liu၊ Phornthip Sports Wear Co.,Ltd. မှ Mr. EKGAPOOM နှင့် စိန်ဂေဟာ ကုမ္ပဏီမှ ဒါရိုက်တာများဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဦးအောင်ဇော်မြင့်နှင့် ဒေါက်တာထက်ကိုကိုတို့က အရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများ အရောင်းပွဲတော်တွင် ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းတံဆိပ်အသစ် ၂၀ ကျော်ပါဝင်ပြီး ယင်းတံဆိပ်များဖြင့် ထုတ်လုပ်ထားသော ဖိနပ်မျိုးစုံ၊ ဘေးလွယ်အိတ်မျိုးစုံ၊ အဝတ်အထည်မျိုးစုံ၊ အမျိုးသား၊ အမျိုးသမီးဦးထုပ်မျိုးစုံ၊ စာရေးကိရိယာမျိုးစုံ၊ အစားအသောက်မျိုးစုံနှင့် အလှကုန်ပစ္စည်းမျိုးစုံတို့အပြင် မြန်မာနိုင်ငံတွင် ယခင်ရောက်ရှိပြီးသားဖြစ်သော ကုန်ပစ္စည်းများကိုလည်း သက်ဆိုင်ရာ ကုမ္ပဏီ ၂၀ ကျော်တို့က ပူးပေါင်းပါဝင်ရောင်းချပေးလျက်ရှိသည်။

အဆိုပါ အရောင်းပွဲတော်ကို အောက်တိုဘာ ၁၀ ရက်အထိ စိန်ဂေဟာပါရမီစင်တာတွင် ရောင်းချမည်ဖြစ်ပြီး ပါဝင်ပြသသည့် ကုမ္ပဏီများက အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည့်အပြင် စိန်ဂေဟာပါရမီစင်တာရှိ ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများကို ငွေကျပ် နှစ်သောင်းဖိုးဝယ်ယူပါက ဗလာမပါကံစမ်းမဲများကို ချက်ချင်းရရှိနိုင်မည် ဖြစ်သည်။ အထူးဆုအဖြစ် ရန်ကုန်-ဗန်ကောက်-ရန်ကုန်လေယာဉ်လက်မှတ်များကို ကံစမ်းမဲ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ အရောင်းပွဲတော်ကာလအတွင်း အထူးအစီအစဉ်အနေဖြင့် စားသောက်ကုန်များကို အမြည်းကျွေးခြင်း၊ အလှကုန်ပစ္စည်းများ အခမဲ့ စမ်းသပ်ပေးခြင်းများကို နေ့စဉ်ပြုလုပ်ပေးမည်ဖြစ်သည်။ ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် တေးသံရှင် Bunny Phyo, D Yan, Snare နှင့် နာမည်ကြီး အဆိုတော်များ၏ ဖျော်ဖြေတင်ဆက်မှု၊ Product Knowledge အစီအစဉ် ရှင်းလင်းသရုပ်ပြခြင်း၊ ဟာသမျက်လှည့်ပညာရှင် Mr.Top ၏ ဖျော်ဖြေရေးအစီအစဉ်၊ Model Show အဖွဲ့၊ Dancer အကအလှများ၊ ပျော်ရွှင်စရာ Game အစီအစဉ်များ ဖြင့်လည်း ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်များစုဆောင်းထားရှိမှု စစ်ဆေး

ဆီဆိုင် အောက်တိုဘာ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မြို့ပတ်လမ်း ကျောက်ချောလမ်းခင်းရန်အတွက် ကျောက်များ ဝယ်ယူစုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးသိန်းမင်း ကြီးကြပ်စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

(၃၉)ကြိမ်မြောက် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့်ဆု အသီးသီးဆွတ်ခူးရရှိ

နေပြည်တော် အောက်တိုဘာ ၁

အောက်တိုဘာ ၉ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU)တို့၏ ပူးတွဲကြီးမှူးသည့် အစီအစဉ်အဖြစ် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပါဝင်ယှဉ်ပြိုင်စေလျက် ကျင်းပပေးခဲ့သည်။

"Write a letter to someone to explain why it is important to talk about AIDS and to protect yourself against the disease" ဟူသောခေါင်းစဉ်ဖြင့် ပြည်တွင်းအဆင့် မြန်မာနှင့် အင်္ဂလိပ် နှစ်သက်ရာဘာသာဖြင့် ပေးစာရေးယှဉ်ပြိုင်ပွဲကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၀ ရက်က မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ကျင်းပခဲ့သည်။

ပြည်တွင်းအဆင့် ပထမဆုကို အထက(၁) မြောင်းမြ အဋ္ဌမတန်းမှ မယုမွန်မွန်အောင်ကလည်းကောင်း၊ ဒုတိယဆုကို အထက(၆) ပုသိမ် သတ္တမတန်းမှ မောင်သူရ ပိုင်စိုးကလည်းကောင်း၊ တတိယဆုကို အထက(၃) မြစ်ကြီးနား အဋ္ဌမတန်းမှ မအိအိခိုင်က လည်းကောင်း ဆွတ်ခူးရရှိကြပြီး နှစ်သိမ့်ဆုသုံးဆုကို အထက(၂) မုံရွာ အဋ္ဌမတန်းမှ မမေသန့်ခိုင်၊ အထက(၃)မြိတ် အဋ္ဌမတန်းမှ မောင်ဖြိုးဝေလင်း၊ အလက ပင်လောင်း အဋ္ဌမတန်းမှ မနန်းဖူးဖူးအောင် တို့ကလည်းကောင်း၊ အထူးဆုသုံးဆုကို အထက(၃)မုံရွာ အဋ္ဌမတန်းမှ မစပ်ဆွယ်ပိုးကစ်ဗိုလ်၊ အထက(၁)မကွေး အဋ္ဌမတန်းမှ မမေသရဖီလွင်၊ အလက(၄)မော်လမြိုင် အဋ္ဌမတန်းမှ မောင်နေဖြိုးဦး တို့ကလည်းကောင်း ဆွတ်ခူးရရှိကြသည်။

နိုင်ငံတကာ လူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ပထမဆုရှင် မယုမွန်မွန်အောင်၏ ပေးစာရေးစာမူကို ဆွစ်ဇာလန်နိုင်ငံရှိ ကမ္ဘာ့စာပို့တိုက် သမဂ္ဂဌာနချုပ်သို့ ဆက်လက်ပေးပို့၍ နိုင်ငံတကာအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ရှေ့ဖုံးမှ
ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဧရာဝတီတိုင်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ETIQA ASEAN CUP 2010
ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်း ဗိုလ်စွဲ

ရန်ကုန် အောက်တိုဘာ ၁

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၏ စီစဉ်မှုအရ စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Seri Selagon Golf Club ၌ကျင်းပခဲ့သော ETIQA ASEAN CUP 2010 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အသင်းသည် ဂေါက်သီး အင်အားကြီးနိုင်ငံဖြစ်သော ထိုင်းနိုင်ငံအသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။

အာဆီယံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ Datuk Robin Loh ၏ ဦးဆောင်စီစဉ်မှုဖြင့် အာဆီယံနိုင်ငံများ၏ ဂေါက်သီးအားကစားတိုးတက်မြင့်မားရေးကို ရှေးရှုကာ ကမ္ဘာ့အဆင့်ပုံစံဖြင့် ASEAN Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ပွဲစဉ်အသစ်တစ်ရပ်ကို ယခုကဲ့သို့ ဖော်ထုတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းတွင် ဦးစိုးကျော်နိုင်က အုပ်ချုပ်သူအဖြစ် လိုက်ပါပြီး ဂေါက်သီးရိုက်အားကစားသမားများအဖြစ် နေဗလဝင်းမြင့်နှင့် မျိုးဝင်းအောင်တို့ ပါဝင်ကြသည်။

ယင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းက စုစုပေါင်းရိုက်ချက် ၂၈၁ ချက်ဖြင့် ပထမရရှိပြီး ဗိုလ်စွဲခဲ့သည်။ ထိုင်းအသင်းက စုစုပေါင်းရိုက်ချက် ၂၈၃ ချက်ဖြင့် ဒုတိယရရှိပြီး ဖိလစ်ပိုင်အသင်းက စုစုပေါင်း ရိုက်ချက် ၂၉၁ ချက်ဖြင့် တတိယရရှိသွားသည်။

ယခုကျင်းပသောပြိုင်ပွဲသည် 72 holes Stroke play team ကပွဲဖြစ်၍ပြိုင်ပွဲဝင်နှစ်ဦး ပါဝင်ကစားရပြီး ပထမနေ့နှင့် တတိယနေ့တို့တွင် Four-ball (Best ball)ယှဉ်ပြိုင်ကစားရကာ ဒုတိယနေ့နှင့် နောက်ဆုံးနေ့များတွင် Four somes (Alternate shots) ကစားရ သည့်ပုံစံဖြစ်သည်။

ယခုပြိုင်ပွဲမှစတင်၍ အဆိုပါပုံစံဖြင့် ပထမဆုံးပြိုင်ပွဲကို ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင်အသင်းက ပွဲဦးထွက် အနိုင်ရရှိခြင်းသည် ထူးခြားပြီး မှတ်တမ်းဝင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ETIQA ASEAN CUP 2010 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသည့် မြန်မာ့လက်ရွေးစင်အသင်း ၎င်းတို့ရရှိခဲ့သော ETIQA ASEAN CUP နှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၈)ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၃၈)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မြတ်ဘုန်း(တပ်ကုန်း)၊ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ မောင်မောင်ကြည်သန့် (ရတနာမြေ)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ပုလော-စိုးနန့်သာ၊ မလေး (မုံရွာ)၊ ချမ်းမြဆောင်း(ကလော)၊ ပိတောက်ကျော်(ကျိုက်ထို)၊ ကြည်စန်းဝင်း (ပွင့်ဖြူ)၊ ဇော်မျိုးဟန် (ငါးသိုင်းချောင်း) တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မြင့်သိန်းအောင်၊ စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၊ ချစ်နိုင် (စိတ်ပညာ)၊ သာနိုင်အောင်(ကျိုတ်မရော)၊ ရဲမြလွင်၊ ကြက်သွန်ဖြူလေး၊ ဦးမြဝင်း(မြတ်မွန်)၊ ဒေါက်တာ နှင်းအေးခိုင်ဆွေ၊ ကိုချစ်မုန်း(မြန်မာစာ)၊ ရွှေလင်းအောင်၊ မင်းဦး(ဒဿန)၊ စည်သူကျော်၊ ဖိုးစီ(လှိုင်သာယာ)၊ ဖွဲ့နေ၊ ရေချမ်း၊ ရွှေကိုဦး၊ ကိုကိုအောင်(မြကန်သာ)၊ ကြည်မျိုးထက်(ဒိုက်ဦး)၊ ဝင်းသစ္စာ(သမ္ဘုလ)၊ မန်းတင့်မော်၊ သွေး(အထက်မင်းလှ)၊ မောင်နှစ်သိမ့်(တောင်ကုတ်)၊ မင်းရွှေမိုး၊ မောင်မောင်တင်ကြည်၊ မိုးဟိန်းကျော်(ကျောက်တန်း)၊ မြင်းမူကံရင်၊ ရန်ကြီးအောင်၊ မောင်တင့်လွင်(ပေါက်)၊ စကုဆွေသစ်၊ ကိုထွန်းထွန်း(သာယာဝတီ)၊ လူမော်ဟိန်း(ရန်ကင်း)၊ သြစူး(သောင်ကြီးမြောက်)၊ ရွှေနေမင်း(အနုပညာရပ်ဝန်း)၊ ကချင်မြေငှက်ခါး၊ ကိုမောင်မြင့်ကျော်၊ ကျော်(စက်မှု)၊ ရှင်နှောင်း၊ ကိုကိုအောင်(ကျောက်တန်း)၊ နေခစိုး၊ သင်းနုဆွေ(ရမည်းသင်း)၊ ယဉ်မွှေးပန်း(ဟဲဟိုး)၊ မနွယ်(ကလော)၊ ပန်းတနော်နောင်လတ်၊ မွန်မွန်(တက္ကသိုလ်)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ ဗုဒ္ဓစာဥယျာဉ်၊ ရုပ်ရှင်အနုပညာကဏ္ဍ၊ အင်တာဗျူး၊ ဟာသရသကဏ္ဍ၊ သမိုင်းထဲက ဝတ္ထု၊ နိုင်ငံတကာမြင်ကွင်းသတင်းကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်(၅၂၉-၅၃၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်း ဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၅၃၀ နှင့် အမြို့မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဧရာဝတီတိုင်းဒေသကြီးအတွင်း မီးသတ်စခန်းများ စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် စက်တင်ဘာ ၂၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမီးသတ်စခန်းသို့ရောက်ရှိ၍ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မီးဘေးတားဆီးရေးကော်မတီဝင်များ၊ သန္နဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မီးဘေးကြိုတင် ကာကွယ်တားဆီးရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဈေးကြီးများ မီးဘေးကြိုတင် ကာကွယ်တားဆီးရေး လုပ်ငန်းများ အကြောင်း ရှင်းလင်းပြောကြားပြီး မီးသတ်ယာဉ်/စက်ကြွခိုင်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ပန်းတနော်မြို့ မီးသတ်စခန်းနှင့် ကျောင်းကုန်းမြို့ မီးသတ်စခန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပုသိမ်မြို့ရှိ တိုင်းမီးသတ်ဦးစီးဌာနသို့ရောက်ရှိကာ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မီးဘေးတားဆီးရေးကော်မတီဝင်များ၊ သန္နဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စက်ရုံ၊ အလုပ်ရုံများ၊ ဈေးကြီးများ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ၊ ဖြစ်ပွားခဲ့သည့် မီးလောင်မှုကြီးများ၊ မီးသတ်ယာဉ်/ စက်ကြွခိုင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ပုသိမ်မြို့ အမှတ်(၁)မီးသတ်စခန်းသို့ ရောက်ရှိပြီး မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ မီးသတ်ယာဉ်/ စက်ကြွခိုင်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ညှိနှိုင်းဆောင်ရွက်

ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂၇ ရက်တွင် လပွတ္တာမီးသတ်စခန်း၌ လည်းကောင်း၊ စက်တင်ဘာ ၂၈ ရက်တွင် မြောင်းမြမီးသတ်စခန်းနှင့် ကန်ကြီးထောင့် မီးသတ်စခန်းတို့၌ လည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မီးဘေးတားဆီးရေးကော်မတီများ၊ ဌာနဆိုင်ရာများ၊ သန္နဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မီးသတ်ယာဉ်/ စက်ကြွခိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဝန်ထမ်းအင်အား အခြေအနေများ၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်တိုဘာလထုတ် မြဝတီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၁

ညွှန့်ဝေ(ကသာ)၊ ကျော်လွင်ဦး(ပျဉ်းမနား)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မြတ်လွမ်းနောင်(ပုတီးကုန်း)၊ ရေနံ့သာမောင်ကျော်ညွှန့်တို့၏ ကဗျာများ၊ တင်အောင်နီ၊ ငွေကြည်၊ မြေဇာ၊ သစ်ထွဏ်း၊ အောင်အောင်ထွေး၊ ကိုငယ်၊ စိုးခတို့၏ ကာတွန်းများ၊ ရှင်ညဏ(ဖျာပုံ)၊ မင်းယုဝေ၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ မောင်ခင်မင်(ဓနုဖြူ)၊ ဗိုလ်ကလေးတင့်အောင်၊ ချစ်စံဝင်း၊ မောင်စူးစမ်း၊ ပီကျော်ဟန်၊ ကိုငယ်၊ ဒေါက်တာသန့်စင်၊ ကိုခန့်(သုတေသန)၊ လှဘုန်းအောင်၊ ဂွမ်းဖြူဇင်၊ ကျော်ဇော်ဟိန်း(ဒေါပုံ)၊ ဓမ္မဒူတဝိစာရ (B.Sc,D.S.A)၊ ရဲမာန်ခ၊ တက္ကသိုလ်စိုးယဉ်၊ သာရဝေါစိုးကြည်၊ စံ-ဇာဏီဘို၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ သီဟသိန်းညဏ်၊ မိုးမခတို့၏ ဆောင်းပါးများ၊ ဆလိုင်းစျင်အောင်၊ လဝန်းခင်၊ ကျော်လွင်(စက်မှု)၊ ခြင်ကျား(မအူပင်)၊ ဒေါက်တာကျော်စွာထွန်း၊ ဇွန်း၊ ကိုစော(ပထဝီဝင်)၊ တင်ဦး(ကသာ)တို့၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်သန်စေမှုရသ၊ ကျေးလက်သဘာဝ ရသများ အပြင် မေတ္တာဖွဲ့ရသများ ပါဝင်သည့် ဝတ္ထုများကို ဖတ်ရှုကြရမည် ဖြစ်သည်။

မြဝတီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂ လမ်းအထက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅) ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ဖုန်း-၅၅၉၂၇၃ တို့သို့ ဆက်သွယ်မှာကြားဝယ်ယူ ဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် အမှတ်(၂) မော်တော်ယာဉ်တပ်ရင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

နေပြည်တော် အောက်တိုဘာ ၁

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ယာဉ်မောင်းများ ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၃၀ ရက် ည ၇ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂) မော်တော်ယာဉ်တပ်ရင်း စုပေါင်းခန်းမ၌ ကျင်းပရာ စစ်သည်နှင့် မိသားစုဝင် ၄၀၆ ဦးတို့ တက်ရောက်ကြသည်။

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးအောင်မြင့်ကျော်က ယာဉ်မမောင်းမီ မိမိယာဉ်ကို စစ်ဆေးရမည့်အချက်များ၊ ယာဉ်မောင်းသူများလိုက်နာဆောင်ရွက်ရမည့်အချက်များ၊မော်တော်ယာဉ်မောင်းနှင်စဉ် လိုက်နာရမည့်အချက်များ၊ ယာဉ်တိုက်မှုအမှား/အမှန်များ၊ ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ဒဏ်ရာရ သေဆုံးမှု အခြေအနေ၊ လမ်းညွှန်ဆေးရေးအမှတ်အသားများ၊ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်များနှင့် ပညာပေးဇာတ်လမ်းတိုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၁

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ ဥက္ကဋ္ဌ ဦးရဲထွန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

မြန်မာနိုင်ငံသူနိုင်ငံသားဖြစ်ပြီး အသက်(၁၈)နှစ် ပြည့်ပြီးသူတိုင်းဟာ မကြာမီမှာ ကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးကြရတော့မှာ ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ ကျွန်တော်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီဟာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၂၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၆ ဦး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်း ၅ ဦး လွှတ်တော်သုံးမျိုးမှာ စုစုပေါင်း ကိုယ်စားလှယ်လောင်း ၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျာ-

'နိုင်ငံတော်အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ရမည်' ဟူသော မူကို အခြေခံ၍ အမျိုးသားနိုင်ငံရေးဖြင့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရေး၊

မတူကွဲပြားခြားနားသည့် သဘောထားအလျောက် နိုင်ငံရေးပါတီများ လွတ်လပ်စွာ ထူထောင်ခွင့်ရှိပြီး တန်းတူရည်တူ ပါဝင်ယှဉ်ပြိုင်၍ နိုင်ငံတော်အာဏာကို ရယူကျင့်သုံးခွင့်ရှိသော စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံတော်ဖြစ်ပေါ်ရေး၊

'လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း' တည်းဟူသော လောကပါလတရားများနှင့်အညီ နိုင်ငံတော်နှင့် သက်ဆိုင်သည့် အရေးကိစ္စတိုင်းတွင် နိုင်ငံသားတိုင်းက ကာယ၊ ဉာဏ၊ ဝီရိယ စွမ်းအားအလျောက် တန်းတူရည်တူ အခွင့်အရေးရှိသည့် လူနေမှုဘဝဖြစ်ပေါ်ရေး၊

'အများစု၏ သဘောဆန္ဒကို အနည်းစုက လေးစားလိုက်နာခြင်း၊ အနည်းစု၏ ဆန္ဒသဘောထားကို အများစုက တန်ဖိုးထားအသိအမှတ်ပြုခြင်း' တည်းဟူသော စစ်မှန်သည့် ဒီမိုကရေစီကျင့်စဉ်အားကောင်းသည့် လူနေမှုဘဝ ဖြစ်ပေါ်ရေး၊

'ပြည့်အင်အားသည် ပြည်သူလူထု၏ လက်ဝယ်တွင် အစဉ်အမြဲရှိသည်' ဟူသည့် ဆောင်ပုဒ်အတိုင်း လုံးဝလွတ်လပ်ပြီး အချုပ်အခြာအာဏာ ပိုင်စိုးသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထာဝစဉ်ရပ်တည်နိုင်ရေး၊

နိုင်ငံသားတိုင်း ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးကို လိုလားသော စိတ်ဓာတ်များ သက်ဝင်ရှင်သန်သော အမျိုးသားစိတ်ဓာတ်အားကောင်းသည့် လူနေမှုဘဝဖြစ်ပေါ်ရေး၊

နိုင်ငံသားတိုင်း လိင်ကွဲပြားခြားနားမှုကြောင့် တန်းတူရည်တူ အခွင့်အရေးခံစားခွင့်ရှိရေးကို ထိခိုက်မှုမရှိစေရန် အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေး၊

နိုင်ငံသားတိုင်း မင်းမဲ့စရိုက်ဖြင့် အကြမ်းဖက်ခံရခြင်းမှ လုံခြုံမှုအာမခံချက် ရရှိနိုင်သည့် လူနေမှုဘဝဖြစ်ပေါ်ရေး၊

'ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ' တည်းဟူသော ဗလငါးတန် ဖွံ့ဖြိုးရေးကို ရှေးရှု၍ နိုင်ငံသားတိုင်း စာတတ်မြောက်ပြီး ပညာရည်မြင့်မားသော လူနေမှုဘဝဖြစ်ပေါ်ရေး၊

နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးကို အာမခံချက်ပေးနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်သော လူနေမှုဘဝဖြစ်ပေါ်ရေး၊

နိုင်ငံသားတိုင်း ပုဂ္ဂလိကစီးပွားရေးကို ပြည်တွင်းပြည်ပ နှစ်ဌာနလုံးတွင် လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိသော စစ်မှန်သည့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသော လူနေမှုဘဝ ဖြစ်ပေါ်ရေး၊

လယ်ယာ၊ သားငါးနှင့် စက်မှုလက်မှုစသည့် ကုန်ထုတ်လုပ်ငန်းများတွင် ခေတ်မီနည်းပညာများ ကျယ်ပြန့်စွာ အသုံးပြုနိုင်သော လူနေမှုဘဝ ဖြစ်ပေါ်ရေး၊

နိုင်ငံသားအားလုံး၏ လူနေမှုအဆင့်အတန်းကို မြင့်မားလာစေပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်လာစေရေး၊

နိုင်ငံသားအားလုံး၏ အခြေခံလူ့အခွင့်အရေးများကို အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေး၊

နိုင်ငံသားတိုင်း ဥပဒေရှေ့မှောက်၌ တန်းတူရည်တူအခွင့်အရေး ရှိစေရေးကို အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝဖြစ်ပေါ်ရေး၊

နိုင်ငံသားတိုင်း လွတ်လပ်စွာ ပရိယေသန ရှာဖွေစားသောက်နိုင်ပြီး စားဝတ်နေရေးပြေလည်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိရေးကို အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေး၊

နိုင်ငံသားတိုင်း လွတ်လပ်စွာ အိမ်ရာထူထောင် အခြေချနေထိုင်ရေးကို အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေး၊

နိုင်ငံသားတိုင်း လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ကျင့်သုံးရေးကို အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေး၊

နိုင်ငံသားတိုင်း လွတ်လပ်စွာ ဆန္ဒသဘောထား ထုတ်ဖော်ပိုင်ခွင့်၊ လွတ်လပ်စွာ ရေးသား ပုံနှိပ်ထုတ်ဝေခွင့် စသည့် ဒီမိုကရေစီအခွင့်အရေးများကို အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝ ဖြစ်ပေါ်ရေးနှင့်

ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၏ အစိုးရအဖွဲ့များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် လွတ်လပ်၍အဓိပ္ပာယ်ရှိပြီး အကျိုးရှိသော လက်တွေ့ကျသည့် ဆက်ဆံရေးစနစ် ကျင့်သုံးခြင်းဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် မြန်မာ့လူနေမှုဘဝ ဖြစ်ပေါ်ရေးတို့ကို ဦးတည်သည့် မူဝါဒ သဘောထားများ ချမှတ်ထားပါတယ်။

မိဘပြည်သူများခင်ဗျာ-

ကျွန်တော်တို့ပါတီဟာ လက်နက်ကိုင်ပဋိပက္ခ အမြစ်ပြတ်ချုပ်ငြိမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ် ရှင်သန်ထွန်းကားရေး၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားရေး၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ဒီမိုကရေစီရေးစိတ်ဓာတ်များကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံ ထူထောင်ရေး၊ ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက် ပြောင်းလဲရေးနည်းလမ်းဖြင့် ပြည်ထောင်စုအစိုးရ ဖွဲ့စည်းထူထောင်ရေး စသည့် ရည်ရွယ်ချက်များ ထားရှိပါတယ်။

မိဘပြည်သူများခင်ဗျာ-

ကျွန်တော်တို့ပါတီဟာ နိုင်ငံတော်က ကျင့်သုံးသော နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ စစ်ရေးနှင့် ကာကွယ်ရေးစနစ်၊ ဥပဒေပြုရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်၊ လူထုဆက်ဆံရေး(မီဒီယာ)စနစ်၊ ပညာရေးစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ မြေယာစနစ်၊ ငွေကြေးစနစ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစနစ်၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးစနစ်တို့ကို အစဉ်အမြဲ လွတ်လပ်စွာ ရှင်သန်တိုးတက် ခေတ်မီနေစေရန် စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့်ခေတ်မီရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ နိုင်ငံခြားခရီးသွားလုပ်ငန်း၊ ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့နဲ့ ပတ်သက်ပြီး နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်ကာ စနစ်တကျ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

နိုင်ငံသားများရဲ့ လွတ်လပ်ခွင့်များ အစဉ်အမြဲ ရှင်သန်နေစေရေးကို ရှေးရှုပြီး တိုင်းရင်းသားလူမျိုးများရဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနဲ့ သက်ဆိုင်တဲ့အဖွဲ့အစည်းများ၊ လူထုလူတန်းစားနှင့် သက်ဆိုင်တဲ့အဖွဲ့အစည်းများ၊ လူမှုရေးနှင့် သက်ဆိုင်တဲ့ အဖွဲ့အစည်းများ၊ ဘာသာရေးနှင့်သက်ဆိုင်တဲ့အဖွဲ့အစည်းများ၊ စီးပွားရေးနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၊ အားကစားနှင့်သက်ဆိုင်တဲ့အဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် အားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျာ-

ကျွန်တော်တို့ပါတီဟာ-

နိုင်ငံတော်၊ နိုင်ငံသားနှင့် ပါတီရဲ့ အရေးကိစ္စများကို ဆောင်ရွက်ရာမှာ လူ့ဂုဏ်သိက္ခာကင်းမဲ့ခြင်း၊ အများပြည်သူရဲ့ ကိုယ်ကျင့်သိက္ခာကို ထိခိုက်စေခြင်း မဖြစ်ပေါ်စေရန် အစဉ်အမြဲ သတိပြု ရှောင်ကြဉ်ပါတယ်။

နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာကောင်းများကို မပျက်ပြားစေဘဲ ဒီမိုကရေစီအခွင့်အရေးများ၊ အခြေခံလူ့အခွင့်အရေးများ ပြည့်ပြည့်ဝဝကျင့်သုံးနိုင်ပြီး ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေးနည်းလမ်းကို စောင့်ထိန်းလိုက်နာကျင့်သုံးမှာဖြစ်ပါတယ်။

လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒ၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဝါဒ၊ ဂိုဏ်းဂဏဝါဒ၊ အကြမ်းဖက်ဝါဒ၊ လူမျိုးရေးအစွန်းရောက်ဝါဒ၊ ဘာသာရေးအစွန်းရောက်ဝါဒတို့ကို ဆန့်ကျင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးသက်သက်ကိုသာ ရှေးရှုဆောင်ရွက်တဲ့ နိုင်ငံရေးကျင့်စဉ်ကို စောင့်ထိန်းလိုက်နာ ကျင့်သုံးသွားမှာဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးများ ငြိမ်းချမ်းစွာ စုပေါင်းနေထိုင်ခြင်း၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်စိုးခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများ မပျောက်မပျက် ထာဝစဉ် ရှင်သန်လှုပ်ရှားသက်ဝင်နေတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ရေးလမ်းစဉ်ကို စောင့်ထိန်းလိုက်နာ ကျင့်သုံးမှာဖြစ်ပါတယ်။

"အများစုရဲ့ ဆန္ဒသဘောထားကို အနည်းစုက လေးစားလိုက်နာခြင်း၊ အနည်းစုရဲ့ ဆန္ဒသဘောထားကို အများစုက တန်ဖိုးထား အသိအမှတ်ပြုခြင်း" တည်းဟူသော စစ်မှန်တဲ့ ဒီမိုကရေစီကျင့်စဉ်ကို အစဉ်အမြဲ စောင့်ထိန်းလိုက်နာ ကျင့်သုံးမှာ ဖြစ်ပါတယ်။

နိုင်ငံတော်၊ နိုင်ငံသားနှင့် ပါတီရေးရာကိစ္စများကို ဆောင်ရွက်ရာမှာ "လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း"တည်းဟူသော လောကပါလတရားများနှင့်အညီ နိုင်ငံသားတိုင်း ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားအလျောက် တန်းတူရည်တူ အခွင့်အရေးရှိတဲ့ လမ်းစဉ်ကို စောင့်ထိန်းလိုက်နာ ကျင့်သုံးသွားမှာဖြစ်ပါတယ်။

ပါတီရဲ့ သဘောထားဟူသမျှဟာ ပါတီဝင်ထုရဲ့ ဆန္ဒကို ထင်ဟပ်စေမှာ ဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျာ-

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို နိုင်ငံရေးအရ ကာကွယ်စောင့်ရှောက်ရန်၊ တိုင်းရင်းသားလူမျိုးများအချင်းချင်း စည်းလုံးညီညွတ်မှုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး အစဉ်တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ အမျိုးဘာသာသာသနာ၏အကျိုးကို အားပေးမြှင့်တင်ပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်အဖြစ် ထူထောင်ရန်၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေတဲ့ တည်ငြိမ်ရင့်ကျက်မှုရှိသော နိုင်ငံရေးလှုပ်ရှားမှုများ အစဉ်အမြဲ ရှင်သန်စေရေးအတွက်ဆောင်ရွက်ရန်၊ အမျိုးသားရေး၊ ဒီမိုကရေစီရေး စရိုက်လက္ခဏာများကို အခြေခံတဲ့ အတွေးအခေါ် အယူအဆ သဘောထားအမြင်များ ရှင်သန်ပျံ့နှံ့လာစေရန်၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် အစဉ်အလာကောင်းများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်သို့ ကျရောက်နိုင်သည့် နိုင်ငံရေးကြောင့် ဖြစ်ပေါ်သည့်ဘေးအန္တရာယ်ဆိုးအမျိုးမျိုးမှ တားဆီးကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်သို့ ကျရောက်သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှ တားဆီးကာကွယ်စောင့်ရှောက်ရန်၊ မြို့ပြနှင့် ကျေးလက်ဒေသများ လူနေမှုအဆင့်အတန်း ကွာဟမှုနည်းပါးရေးအတွက် အစွမ်းကုန်ဆောင်ရွက်ရန်၊ တောင်တန်းဒေသနှင့် မြေပြန့်ဒေသများတွင် ဖွံ့ဖြိုးမှု ကွာဟချက် မရှိစေရေးအတွက် အစွမ်းကုန် ဆောင်ရွက်ရန်၊ နိုင်ငံသားအချင်းချင်း လူတန်းစားကွာဟမှုကို အကြောင်းပြု၍ လူနေမှုအဆင့်အတန်းကွာခြားခြင်း နည်းနိုင်သမျှနည်းပါးစေရေးအတွက် အစွမ်းကုန် ဆောင်ရွက်ရန်၊ နိုင်ငံသားများ၏ လူတန်းစားအလိုက် ဖြစ်ပေါ်နေသောအရေးကိစ္စများကို ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ကူညီစောင့်ရှောက်မှုပေးရန်၊ တပ်မတော်၊ ရဲတပ်ဖွဲ့ အပါအဝင် နိုင်ငံတော်အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအား တတ်အားသရွေ့ အားပေးကူညီစောင့်ရှောက်ရန်၊ ပြည်သူလူထု၏ စားဝတ်နေရေးနှင့် စီးပွားရေး အခြေအနေများ တိုးတက်ကောင်းမွန်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ရန်၊ ပါတီဝင်များရဲ့ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများတွင် တက်ကြွစွာ ကူညီစောင့်ရှောက်မှုပေးရန် စသည်တို့ကို ပါတီရဲ့ တာဝန်ဝတ္တရားများအဖြစ် သတ်မှတ်ထားပါတယ်။



မိဘပြည်သူများခင်ဗျာ-

ကျွန်တော်တို့ပါတီက လက်ကိုင်ထားတဲ့ ဆောင်ပုဒ်ကတော့-

"ခွပ်ဒေါင်းအားမာန် မြဲရှင်သန် ရရန်မလွဲ ဒို့အောင်ပွဲ" ဖြစ်ပါတယ်။

ပါတီရဲ့အလံနဲ့ သင်္ကေတကတော့ အနီရောင်အောက်ခံပေါ်မှာ အဝါရောင်ခွပ်ဒေါင်းနဲ့ အရွယ်တူကြယ်ဖြူ ၁၄ လုံး ပါရှိပါတယ်။ အလံရဲ့ အလယ်မှာတော့ အားမာန်အပြည့်နဲ့ ခုန်ခွပ်တော့မယ့် ခွပ်ဒေါင်းပုံ ပါရှိပါတယ်။ ခွပ်ဒေါင်းရဲ့ အောက်နဲ့ အထက်မှာတော့ အရွယ်တူကြယ်ဖြူ (၇)လုံးစီကို အတန်းလိုက် ဖော်ကျူးထားပါတယ်။ အဓိပ္ပာယ်ကတော့ အနီရောင်အောက်ခံဟာ ရဲစိတ်ရဲမာန်ထက်သန်ခြင်းသဘောကို ဆောင်ပါတယ်။ ကြယ်ဖြူ(၁၄)လုံးကတော့ တိုင်းရင်းသားပေါင်းစုံ ရင်းနှီးချစ်ကြည်စွာ အတူတကွ စုပေါင်းနေထိုင်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံကို ပြဆိုထားခြင်း ဖြစ်ပါတယ်။ အားမာန်အပြည့်နဲ့ ခုန်ခွပ်တော့မယ့်ဟန်ရှိတဲ့ ခွပ်ဒေါင်းသင်္ကေတကတော့ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွား၊ အမျိုးဘာသာ သာသနာ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို ထိခိုက်ပျက်ပြားစေမယ့် လုပ်ဆောင်ချက်များကို တွန်းလှန်တိုက်ဖျက် တိုက်ခိုက်ချေမှုန်းရာမှာ လိုအပ်ပါက အသက်ကိုပင် အသေခံပြီး လုပ်ဆောင်မယ်ဆိုတဲ့ သဘောအဓိပ္ပာယ်ကို ဆောင်ပါတယ်။

မိဘပြည်သူများခင်ဗျာ-

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်လည်းကောင်း၊ အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍမှာ နိုင်ငံသားတိုင်း တန်းတူရည်တူ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ရေး အတွက်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် လည်းကောင်း၊ နိုင်ငံသားတိုင်း မွေးရာပါ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများ ရရှိခံစားပိုင်ခွင့်ရှိတဲ့ လူနေမှုဘဝတစ်ခုကို ခိုင်ခိုင်မာမာ ထူထောင်နိုင်ရေးအတွက် လည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာစေရေးကို ရှေးရှု၍ အထွေထွေ ဟန့်တားနှောင့်ယှက်မှုများအား ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းအကြား၌ ဂုဏ်သိက္ခာရှိရှိ မိတ်ဝတ်မပျက် ပါဝင်ရပ်တည်နိုင်ရေးအတွက်လည်းကောင်း အသက် (၁၈) နှစ်ပြည့်ပြီးတဲ့ နိုင်ငံသားများအနေနဲ့ ကျွန်တော်တို့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီကို ဖွဲ့စည်းတည်ထောင် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများရဲ့ အကျိုးစီးပွားဖြစ်ထွန်းရေး၊ မြန်မာ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ရေးနဲ့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အဝရှိတဲ့ လူနေမှုဘဝ ဖြစ်စေရေးအလို့ငှာ အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြပါ့မယ်လို့ သန္နိဋ္ဌာန် ပြုပေးကြပါ။

မဲဆန္ဒရှင် မိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျာ-

ကျွန်တော်တို့ဟာ မြန်မာနိုင်ငံကို ပါတီစုံဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲတည်ဆောက်သွားရမှာဖြစ်ပါတယ်။ ဒီ ၂၀၁၀ ရွေးကောက်ပွဲဟာ ခေတ်စနစ်အပြောင်းအလဲတစ်ခုအတွက် ကျွန်တော်တို့ မြန်မာနိုင်ငံသားအားလုံး မဖြစ်မနေ ဖြတ်သန်းရမယ့် မှတ်တိုင်တစ်ခုအဖြစ် မြင်ပါတယ်။ ကျွန်တော်တို့တစ်တွေဟာ ၂၂ နှစ်ကျော်ကြာ"ဒီမိုကရေစီအရေး ခရီးစဉ်တစ်ခု"ကို တစိုက်မတ်မတ် လျှောက်လှမ်းလာခဲ့ကြပြီး ဘယ်လောက်ပဲ စိတ်ဓာတ်ရေးရာအရ၊ ခံယူချက်အရ ပြင်းထန်ပြင်းထန်၊ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ထောက်ခံမှု မပါဘူးဆိုရင် မအောင်မြင်နိုင်ပါဘူး။ ပြည်သူလူထုရဲ့ တစ်ခဲနက် ပါဝင်မှုတွေ၊ ထောက်ခံမှုတွေ လက်တွေ့ကျကျ ရရှိလာပြီဆိုရင်တော့ ကျွန်တော်တို့ ရည်မှန်းတဲ့ ဒီမိုကရေစီနိုင်ငံ ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးဟာလည်း မလွဲဧကန် ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။ ကျွန်တော်တို့လိုချင်တဲ့ ပန်းတိုင်ကို မသွေမဖည်ဘဲ တစိုက်မတ်မတ် ဆောင်ရွက်နိုင်ခဲ့ကြတဲ့အတွက် အခုဆိုရင် ပြည်သူလူထုနှင့် တရားဝင်လက်တွဲလို့ ရပါပြီ။ ကျွန်တော်တို့က ပြည်သူလူထုကို တရားဝင်ကိုယ်စားပြုနိုင်ဖို့ အခြေအနေတွေလည်း ဖြစ်ပေါ်လာပါပြီ။ ပြည်သူလူထုအနေနဲ့ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်လောင်းတွေကို ပြတ်ပြတ်သားသား မဲပေးထောက်ခံလိုက်မယ်ဆိုရင် ကျွန်တော်တို့ နှစ်ပေါင်း ၂၂ နှစ်ကျော်ကြာ ကြိုးပမ်းမှုတွေဟာ "အဓိပ္ပာယ်ရှိတဲ့ လက်တွေ့ဘဝတစ်ခု"ကို တည်ဆောက်နိုင်ပါလိမ့်မယ်။

ဒါကြောင့် မဲဆန္ဒရှင် ပြည်သူလူထုက သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအသီးသီးမှာ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်လောင်းများနှင့် ကျွန်တော်တို့ပါတီနဲ့ ညီနောင်ပါတီဖြစ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ ကိုယ်စားပြု ကိုယ်စားလှယ်လောင်းများကို ပြတ်ပြတ်သားသား ထောက်ခံမဲပေးဖို့ တိုက်တွန်းလိုပါတယ်။

ပြည်သူလူထုအနေနဲ့ ကျွန်တော်တို့ပါတီကို ထောက်ခံတဲ့အနေနဲ့ 'ခွပ်ဒေါင်းဘေးမှာ အမှန်ခြစ်'ပါ။ ကျွန်တော်တို့ ပါတီရဲ့ ညီနောင်ပါတီ ကိုယ်စားလှယ်လောင်းများ အနိုင်ရရှိဖို့ 'ကဒေါင်းဘေးမှာ အမှန်ခြစ်'ပေးပါ။ ဒါဟာ ဒီမိုကရေစီရေးကို ထောက်ခံတဲ့ ဆန္ဒပြုမှုဖြစ်တယ်လို့ ကျွန်တော်တို့ အလေးအနက် ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံသားအားလုံး ဘေးအန္တရာယ်အသွယ်သွယ် ကင်းရှင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့စေလွှတ်ခြင်းမပြုရန် ဘင်္ဂလားဒေ့ရှ်ကို တာလီဘန်အဖွဲ့ တိုက်တွန်း

ဒါကာ အောက်တိုဘာ ၁ - အာဖဂန်နစ္စတန်နိုင်ငံသို့ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းမပြုလုပ်ရန် တာလီဘန်အဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံကို သတိပေးလိုက်ကြောင်း ယမန်နေ့ မီဒီယာသတင်းများတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံသို့ တိုက်ခိုက်ရေးတပ်ဖွဲ့များ စေလွှတ်ပေးရန် အမေရိကန်နိုင်ငံ၏ တိုက်တွန်းချက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက လက်ခံခြင်းမပြုသင့်ကြောင်း တာလီဘန်အဖွဲ့က ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန် အထူးသံတမန် ရစ်ချတ်ဟိုးဘရုတ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒီပူးမိုနီနှင့် နယူးယောက်မြို့၌ မကြာသေးမီက တွေ့ဆုံဆွေးနွေးခဲ့ရာ၌ အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့များစေလွှတ်ပေးရန် တိုက်တွန်းခဲ့သည်။ စစ်ကြောင့် ပျက်စီးနေသော အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပါဝင်ကူညီသင့်ကြောင်း ဟိုးဘရုတ်က ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့စေလွှတ်ရေးကိစ္စနှင့် စပ်လျဉ်း၍ နောက်ထပ်ဆွေးနွေးမှုများကို လုပ်သွားရန်လိုအပ်သည်ဟု ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း ဘီဘီစီ ဘင်္ဂလားအစီအစဉ်က သတင်းထုတ်လွှင့်ခဲ့သည်။

အင်တာနက်။

ဆိုမာလီအကြမ်းဖက်ဝါဒအန္တရာယ် အင်တာပိုလ်အကြီးအကဲ သတိပေး

ဘရုပ်ဆဲလ် အောက်တိုဘာ ၁

ဆိုမာလီနိုင်ငံနှင့် အခြားအာဖရိက နိုင်ငံများမှ အကြမ်းဖက်ဝါဒီများသည် အာဖဂန် စစ်သွေးကြွများထက်ပို၍ အန္တရာယ်ပေးခြိမ်းခြောက်လာနိုင်ကြောင်း နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်) အတွင်းရေးမှူးချုပ်က စက်တင်ဘာ ၃၀ ရက်တွင် သတိပေးသည်။

ဆိုမာလီ စစ်သွေးကြွအမြောက်အမြားသည် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံများတွင် လေ့ကျင့်မှုများ ရယူခဲ့ပြီး ယခုအချိန်တွင် ဆိုမာလီနိုင်ငံ၌ အကြမ်းဖက်ဝါဒအမြစ်တွယ်လာစေရန် လုပ်ဆောင်ကြိုးပမ်းနေကြောင်း အေပီသတင်းဌာနနှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အင်တာပိုလ် အတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်။

ဆိုမာလီနိုင်ငံတွင် ဖွဲ့စည်းပုံကျသော ခိုင်မာသည့် အစိုးရအဖွဲ့မရှိခြင်းကြောင့် အစ္စလာမ္မစ် အစွန်းရောက်စစ်သွေးကြွများအားကောင်းလာစေရေးအတွက် အခြေအနေပေးကြောင်း ၎င်းက ဆိုသည်။

ဆိုမာလီနိုင်ငံနှင့် အခြား အာဖရိကနိုင်ငံအချို့သည် လာမည့် ငါးနှစ်မှ ၁၀ နှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံကဲ့သို့ အကြမ်းဖက်သမားများခိုလှုံရာနယ်မြေများ ဖြစ်သွားနိုင်ကြောင်း အင်တာပိုလ်အတွင်းရေးမှူးချုပ် ရော်နယ်ကေနိုဘယ်က ပြောသည်။

အေပီ။

စိတ်ဖိစီးမှုကိုလျှော့ပါးစေသည့် သဘာဝပေါက်ပင် တောင်အာဖရိက သုတေသနပြုလုပ်

ဂျိုဟန်နက်စဘတ် အောက်တိုဘာ ၁

စိတ်ဖိစီးမှုကိုလျှော့ပါးစေပြီး စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်သည်ဟု ထင်ရှားသော ဒေသတွင်းအလေ့ကျပေါက်ပင်တစ်မျိုးကို သုတေသနပြုလုပ်ပြီး စီးပွားဖြစ် ဆေးဝါးထုတ်လုပ်ခွင့်မှတ်ပုံတင်တစ်ရပ်ကို တောင်အာဖရိကနိုင်ငံက ခွင့်ပြုချထားလိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၁ ရက် သတင်းများတွင် ဖော်ပြသည်။

တောင်အာဖရိက ပတ်ဝန်းကျင်ရေးရာဝန်ကြီးသည် ယင်းသစ်ပင်များပေါက်ရောက်ရာ တောင်အာဖရိကနိုင်ငံ အနောက်တောင်ပိုင်းသို့ ယနေ့သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

စွမ်းရည်ထူးများရှိ

scelatium tortuosum ဟူ၍ ရုက္ခဗေဒမျိုးရင်းအမည်ရှိသော အဆိုပါသစ်ပင်များသည် စိတ်ဖိစီးမှုကို လျှော့ပါးစေခြင်း၊ ဆာလောင်မှုဒဏ်ကို ခံစားရသက်သာစေခြင်းနှင့် စိတ်ဓာတ်ကို ငြိမ်သက်မြင့်မားစေသည့် စွမ်းရည်ထူးများရှိသည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်အခြေစိုက် ဆေးဝါးကုမ္ပဏီတစ်ခုနှင့် တောင်အာဖရိကနိုင်ငံမှ ဆေးဝါးကုမ္ပဏီတစ်ခုတို့ ပူးပေါင်းကာ ၂၀၁၁ ခုနှစ်အတွင်း ယင်းအပင်မှတစ်ဆင့် ဆေးဝါးထုတ်လုပ်ရေးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **အေပီ။**

နေတိုးလောင်စာဆီသယ်ယာဉ်များ ပါကစ္စတန်နိုင်ငံအတွင်း မီးရှို့ခံရ

ကရာချိ အောက်တိုဘာ ၁ - အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ နေတိုးတပ်ဖွဲ့ဝင်များကို ထောက်ပံ့ရန် လောင်စာဆီများ သယ်ဆောင်လာသည့် မော်တော်ယာဉ်များကို ပါကစ္စတန်နိုင်ငံအတွင်းတွင် အမည်မသိတိုက်ခိုက်သူများက မီးတင်ရှို့ခဲ့ရာ ပါကစ္စတန်ပိုင်နက်အတွင်းသို့ နေတိုးတပ်ဖွဲ့များ ကျူးကျော်မှုနှင့် စပ်လျဉ်း၍ ထင်ထင်ရှားရှား လက်တုံ့ပြန်ခြင်းပင်ဖြစ်ကြောင်း ပါကစ္စတန်အာဏာပိုင်များက သောကြာနေ့တွင် ပြောကြားသည်။

အမျက်ထွက်နေ

နေတိုးရဟတ်ယာဉ်များ၏ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်စစ်သည်သုံးဦး သေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ အမျက်ထွက်နေသော ပါကစ္စတန်အာဏာပိုင်များက နေတိုးထောက်ပံ့ရေးလမ်းကြောင်းတစ်ခုကို ပိတ်ဆို့လိုက်ပြီး နောက်တစ်နေ့တွင် ရှီကာပူရ်မြို့ ဆင်ခြေဖုံးဒေသ၌ အဆိုပါတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တိုက်ခိုက်သူများက ဆီသယ်ယာဉ်များကို လက်နက်ငယ်များဖြင့် ပစ်ခတ်ပြီး ထွက်ပြေးသွားကြကြောင်း၊ ဒဏ်ရာရသူမရှိကြောင်း၊ တိုက်ခိုက်သူ ၁၀ ဦးခန့်ရှိပြီး ဆီသယ်ယာဉ် ၂၅ စီးမှ ၃၀ ခန့်ကို နံနက်စောစောပိုင်းတွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရှီကာပူရ်မြို့ရှိ စစ်ဝန်ထမ်းတပ်ဖွဲ့ အကြီးအကဲတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

အီရန်ကွန်ပျူတာစနစ်များကို အစ္စရေးတိုက်ခိုက်ခဲ့ဟုဆို

လန်ဒန် အောက်တိုဘာ ၁

အီရန်နိုင်ငံ၏ ကွန်ပျူတာစနစ်များကို တိုက်ခိုက်ပြီး ဘူရှာနျူကလီးယားစက်ရုံ၏ လည်ပတ်မှုကို ရပ်တန့်သွားစေသည့် စတူးနက်ကွန်ပျူတာဗိုင်းရပ်စ်ကို အစ္စရေး စစ်ဘက်ဆိုင်ရာအဖွဲ့တစ်ဖွဲ့က ဖန်တီး၍ အီလက်ထရွန်နစ် စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူတစ်ဦး၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁ ရက် သတင်းများတွင် ဖော်ပြသည်။

စတူးနက်ကွန်ပျူတာဗိုင်းရပ်စ်၏ ဇာစ်မြစ်ကို ဓမ္မဟောင်းကျမ်း အထောက်အထားများဖြင့် ဖော်ထုတ်ခဲ့ပြီး ကွန်ပျူတာစနစ်များ တိုက်ခိုက်ခံရမှုတွင် အစ္စရေးနိုင်ငံသည် နောက်ကွယ်၌ ပါဝင်နေကြောင်း သိရသည်။

စတူးနက်ကွန်ပျူတာဗိုင်းရပ်စ်၏ လျှို့ဝှက်အမှတ်အသားများထဲတွင် မာတယ်လ်ဟူသော အပင်တစ်မျိုး၏အမည် ပါဝင်နေကြောင်း သိရသည်။ မာတယ်လ်ပင်၏ ဟီဘရူးအမည်မှာ ဟေဒေဆာဟူ၍ ဖြစ်ပြီး ယင်းအမည်သည် ပါရှားဒေသမှ ဂျူးဘုရင်မတစ်ပါးဖြစ်သော အက်စ်သာ၏ မွေးနာမည်ဖြစ်ကြောင်း ဒေးလီးတယ်လီဂရပ်သတင်းစာတွင် ဖော်ပြသည်။

အက်စ်သာဘုရင်မသည် ၎င်းတို့ တိုက်ခိုက်မခံရမီ ရန်သူကို လက်ဦးမှုရယူတိုက်ခိုက်ရန် ၎င်း၏ ခင်ပွန်းသည်အား မည်သို့ဆွဲဆောင်ခဲ့သည်ကို ဓမ္မဟောင်းကျမ်းတွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံတည်ရှိမှုကို အီရန်နိုင်ငံက ခြိမ်းခြောက်မှုမလုပ်နိုင်ရန် အီရန်၏ နျူကလီးယား အစီအစဉ်များကို လက်ဦးမှုရယူ၍ တိုက်ခိုက်မည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံက ခြိမ်းခြောက်ခဲ့ဖူးသည်။ **ဒေးလီးတယ်လီဂရပ်။**

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရှေ့ဆက်နိုင်ရေး ဥရောပသမဂ္ဂ ကြားဝင်ညှိနှိုင်းလျက်ရှိ

ဂျေရုဆလင် အောက်တိုဘာ ၁-အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရှေ့ဆက်နိုင်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဥရောပသမဂ္ဂ(အီးယူ)အကြီးအကဲတစ်ဦးသည် အစ္စရေးဝန်ကြီးချုပ်၊ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့နှင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများကို ဂျေရုဆလင်မြို့နှင့် ရာမာလာမြို့တို့၌ သောကြာနေ့က သီးခြားစီ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးခဲ့

ဥရောပသမဂ္ဂ နိုင်ငံခြားရေးရာမူဝါဒ အကြီးအကဲသည် ဂျေရုဆလင်မြို့၌ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် တွေ့ဆုံကာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် အနောက်ဘက် ကမ်းဒေသ၌ အစ္စရေးအခြေစိုက်အိမ်ရာများ တည်ဆောက်မှု ဆိုင်းငံ့ကာလကို သက်တမ်းတိုးရန် ငြင်းပယ်ခဲ့သော်လည်း အစ္စရေးနိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရှေ့ဆက်ရန် ဆန္ဒရှိကြောင်း အစ္စရေးဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားသည်။

အီးယူနိုင်ငံခြားရေးရာမူဝါဒ အကြီးအကဲ ကတ်သရင်း အက်ရှ်တန်သည် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် စက်တင်ဘာ ၃၀ ရက်က တွေ့ဆုံဆွေးနွေးခဲ့ပြီး အနောက်ဘက်ကမ်း အိမ်ရာများအရေးနှင့် ပတ်သက်၍ မပြေလည်မှုများ ရှိနေသော်ငြားလည်း အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရှေ့ဆက်လုပ်ဆောင်ရန် ဆန္ဒပြုခဲ့သည်။ **အေအက်ဖ်ပီ။**

နေတိုးတပ်ဖွဲ့လေကြောင်းမှ တိုက်ခိုက်မှု အာဖဂန်အရပ်သား လေးဦးသေ

ကဘူး အောက်တိုဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော် အနောက်တောင်ဘက်ရှိ ဂါဇနီပြည်နယ်အတွင်း နေတိုးတပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သားလေးဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း နေတိုးဦးဆောင်သော နိုင်ငံတကာတပ်ဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

မှားယွင်းပစ်ခတ်

အန်ဒါခရိုင်တွင် စက်တင်ဘာ ၂၉ ရက်က အာဖဂန်နှင့် ပြည်ပတပ်ဖွဲ့များကို လက်နက်ကိုင် ရှစ်ဦးခန့်က ဝိုင်းပတ်ပစ်ခတ်တိုက်ခိုက်ခြင်း ခံရသဖြင့် လေကြောင်းပစ်ကူခေါ်ခဲ့ရာမှ လက်နက်မဲ့အရပ်သားအုပ်စု တစ်စုကို မှားယွင်းပစ်ခတ်ခဲ့မိကြောင်း နိုင်ငံတကာတပ်ဖွဲ့၏ ကြေညာချက်ထဲတွင် ဖော်ပြထားသည်။

နိုင်ငံခြားတပ်ဖွဲ့များက စစ်သွေးကြွများကို ရှာဖွေတိုက်ခိုက်ရာမှ အရပ်သားများ သေကျေပျက်စီးရမှုသည် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ထားသည့် အနောက်နိုင်ငံများအကြား တင်းမာမှုများ ဖြစ်ပွားစေသည့် အဓိကအကြောင်းတစ်ရပ်ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

မက္ကဆီကို တောင်ပိုင်း ချီယာပတ်စ်ပြည်နယ်တွင် မိုးသည်းထန်မှုကြောင့် ဖြစ်ပွားခဲ့သော မြေပြိုမှုများ။
(ယင်းမြေပြိုမှုများကြောင့် အောက်တိုဘာ ၁ ရက်အထိ အနည်းဆုံး လူ ၃၂ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ပြည်တွင်းအခွန်များ ဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၃၉) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်း

နေပြည်တော် အောက်တိုဘာ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်း အခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီး အကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ မြို့နယ်အခွန်ဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ ဝန်ထမ်း အဆင့်ဆင့်တိုင်းသည် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဦးတည်ချက်များ၊ တိုးတက်အောင်မြင်မှုများ လေ့လာသိရှိပြီး ရည်မှန်းချက်ပြည့်မီရေး အင်တိုက် အားတိုက် ပါဝင်ကြိုးပမ်းသွားရမည် ဖြစ်ကြောင်း၊ သင်တန်းကို အောင်မြင်စွာ တက်ရောက်ကြပြီး ဖြစ်သဖြင့် မိမိ တာဝန်ကျရာ လုပ်ငန်းခွင်၌ လက်တွေ့ဆောင်ရွက်ရာတွင် သင်ကြားခဲ့သည့် ဥပဒေ၊ စည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ အရည်အချင်း ပြည့်ဝသည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ယခုကဲ့သို့ သင်တန်းများ စဉ်ဆက်မပြတ် ပို့ချပေးနေသကဲ့သို့ ဝန်ထမ်းများ အနေဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် ပြည်သူများက ကျသင့်သည့်အခွန်ကို လိုလိုလားလား ပေးဆောင်လာစေရေး အတွက် အခွန်ပညာပေး စည်းရုံး ကောက်ခံသွားကြရန်နှင့် ဘဏ္ဍာနှစ် အတွင်း ရသင့်ရထိုက်သည့်အခွန်များ ပြည့်ဝမှန်ကန်စွာရရှိရေး စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဝန်ကြီးသည် သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဟိုးလှိုင်အား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ မြို့နယ် အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၃၉)တွင် သင်တန်းသား၊ သင်တန်းသူ မြို့နယ်အခွန်ဦးစီးဌာနမှူး ၄၇ ဦးတို့သည် ရက်သတ္တ လေးပတ်ကြာ ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာ အခွန်လုပ်ထုံး လုပ်နည်းများနှင့် ဗဟုသုတများ၊ အခွန်စီမံခန့်ခွဲမှု ပိုမိုထိရောက်ထက်မြက်စေရန် ရည်ရွယ်သည့် ဆွေးနွေးပွဲများ စသည်တို့ကို လေ့လာသင်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်တိုဘာလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၁

ကျော်ဖြူစံ၏ ပန်းချီလက်ရာနှင့်အတူ ဇော်နောင်၊ မြေလတ်မောင်မြင့်သူ၊ ညွှန့်ဝေ(ကသာ)၊ ကို(တက္ကသိုလ်)၊ နောင်ဝင်းထွန်း၊ မောင်ယဉ်မှူး၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ရွှေမြိုင်ပြုံးလဲ့မော်၊ ချိုမြနွယ်၊ ဒေါင်းဘို(ဗဟင်း)တို့၏ ရသစုံကဗျာပုံရိပ်များနှင့်အတူ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ ကြယ်ကြယ်တို့၏ ကာတွန်းလက်ရာများ အပါအဝင် ရှင်ညာဏ(ဖျာပုံ)၊ မင်းယုဝေ၊ မောင်ခင်မင်(ဓနုဖြူ)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ထွန်းလပြည့်သစ်၊ ပီကျော်ဟန်၊ တက္ကသိုလ်စိုးယဉ်၊ ချစ်စံဝင်း၊ ဗိုလ်ကလေးတင့်အောင်၊ လှဘုန်းအောင်၊ ညောင်ဦးဖိုးချို၊ နိုင်ဇော်၊ ဒေါက်တာသက်ဆွေ၊ ဂွမ်းဖြူဇင်၊ ကိုမောင်မြင့်ကျော်၊ မောင်ကြည်သစ်ဦး၊ ကိုခန့်(သုတေသန)၊ မနုဿကျော်ဝင်း၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ရဲမာန်ခ၊ မောင်စူးစမ်း၊ ရန်နိုင်၊ သော်ဇင်သစ်၊ ထွန်းဦးတင်၊ မြင့်ဆွေ (မျက်စိအတု)၊ ဦးကြည်ရွှေ၊ ဒေါက်တာဦးစံတင်အောင်(ရွှေဘို) တို့၏ စာပေရေးရာနှင့် သုတရသဆောင်းပါးများ အပြင် ပိုင့်-လှိုင်းသစ်၊ စိုင်းစျင်အောင်၊ ဖွန်း၊ ထွန်းလှိုင်(မြိုင်)၊ မုဒိံ-သုမွန်တို့၏ ဝတ္ထုများကိုပါ နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည်ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂ လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း(၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆုချီးမြှင့်

ကမာရွတ်မြို့နယ် အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၆ ရက်က ကျင်းပရာ စတုတ္ထတန်း၌ ပထမဆုရရှိသူ မမေသူသူခိုင်အား ကျောင်းအုပ်ဆရာကြီး ဦးတင်ညွှန့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

M3WI သင်တန်းကျောင်းမှ အိုင်တီနည်းပညာသင်တန်းသစ်များ ထပ်မံဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၁

M3WI သင်တန်းကျောင်းမှ အိုင်တီနည်းပညာအခြေခံသင်တန်း၊ Programming အခြေခံသင်တန်း၊ ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်းသင်တန်းနှင့် Website ရေးဆွဲနည်း သင်တန်းများအား အောက်တိုဘာလဆန်းပိုင်းတွင် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သည်။ အိုင်တီအခြေခံသင်တန်းသည် ယနေ့လူငယ်တိုင်း တတ်မြောက်ထားသင့်သော Microsoft Windows စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များ ပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကို ပိုင်နိုင်စွာ နားလည်တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့ပြုလုပ်လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် အင်တာနက်နှင့် အီးမေးလ် အသုံးပြုပုံတို့ကိုလည်း သင်ယူရမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခွဲခန့် ကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် (စနေ+တနင်္ဂနွေ) တက်ရောက်ရမည်ဖြစ်သည်။

Essential Programming သင်တန်းတွင် Programming အခြေခံကောင်းများ ဖြစ်သော Pseudo Code, Flow Chart များကို အသုံးပြုပြီး Real Program Coding မရေးခင်တွင် Problems ဖြေရှင်းပုံများကို အသေးစိတ်သင်ယူရမည်ဖြစ်သည်။ ၎င်းတို့ကို သင်ယူခြင်းဖြင့် Logical Thinking Skill ကို မြင့်မားစေမှာဖြစ်ပြီး မည်သည့် Programming Language ကိုမဆို ဆက်လက်လေ့လာနိုင်ရန်များစွာ အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ ဤသင်တန်းကို Computer အခြေခံရှိသူများတက်ရောက်နိုင်သည်။ သင်တန်းကာလမှာ နှစ်လခန့် ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တစ်ချိန်နှင့် တစ်ပတ်လျှင် နှစ်ရက် (စနေ+တနင်္ဂနွေ) တစ်ချိန်ရှိသဖြင့် မိမိနှင့် အဆင်ပြေမည့်အချိန်အား ရွေးချယ်တက်ရောက်နိုင်သည်။

သင်တန်းချိန်မှာ တစ်ပတ်လျှင် သုံးရက် (တနင်္လာ+ဗုဒ္ဓဟူး+သောကြာ) ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။

Website ရေးဆွဲနည်းသင်တန်းတွင် Website တစ်ခုအား ဖန်တီးပုံကို အခြေခံမှစပြီး ကျွမ်းကျင်အဆင့်အထိ ရောက်အောင် သင်ကြားပေးမည်ဖြစ်သည်။ သက်ဆိုင်ရာ ဘာသာရပ်များ၏ Exam များ၊ Assignment များ၊ Project များကို သင်တန်းသားများအား ကိုယ်တိုင်ပြုလုပ်စေခြင်းဖြင့် ပိုမိုတတ်ကျွမ်းနားလည်စေမည်ဖြစ်သည်။ ထို့ပြင် Website ရေးဆွဲနည်း Course အား လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်စေရန် ရေးဆွဲထားခြင်းဖြစ်သဖြင့် လုပ်ငန်းခွင် ဝင်သည့်အခါတွင်လည်း အခက်အခဲမရှိ ဝင်ရောက်နိုင်မည် ဖြစ်သည်။ သင်တန်းချိန်မှာ (စနေ+တနင်္ဂနွေ) တစ်ချိန်နှင့်(တနင်္လာ+ဗုဒ္ဓဟူး+သောကြာ) တစ်ချိန်ရှိသဖြင့် မိမိနှင့် အဆင်ပြေမည့် အချိန်အား ရွေးချယ်တက်ရောက်နိုင်သည်။

သင်တန်းတန်းခွဲတစ်ခုလျှင် သင်တန်းသား ၁၀ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြရမည် ဖြစ်သည်။ အဆိုပါ သင်တန်းများကို M3WI သင်တန်းတည်ရှိရာ အဆောင်(၅) အခန်း (၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅နှင့် ၆၅၂၂၂၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၂ ရက် ညနေထိခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အောက်တိုဘာလ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်

လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ပြည်တွင်းပြည်ပ ဟိုတယ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းသစ်ဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၁

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်ချင်သူများအတွက် ရည်ရွယ်၍ SOP Course for Hotel & Cruise Staff သင်တန်းအပတ်စဉ်အသစ်ကို အောက်တိုဘာလ ဒုတိယပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလအတွင်း Hotelier Life တွင် အလုပ်အကိုင်အခွင့်အလမ်းပေါများသော F&B Service (Waiter/Waitress)၊ Housekeeping (Room Attendant) နှင့် The Art of Napkin Folding စသည်တို့ကို Institute of Hospitality (UK) နှင့် Institute of AH& LA (USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ International Five Star Hotel များတွင်တာဝန်ထမ်းဆောင်ခဲ့သူများ ကိုယ်တိုင်တတ်မြောက် ကျွမ်းကျင်အောင်စာတွေ့၊ လက်တွေ့သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် အောက်တိုဘာလ ဒုတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန်လမ်း၌ ယာဉ်တိုက်မှုဖြစ်ပွား ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန်လမ်း၌ စက်တင်ဘာ ၂၉ ရက် နံနက် ၇ နာရီကျော်ခန့်တွင် ဝန်ထမ်းကြိုပို့ယာဉ် ဒိုင်နာကားအား အခြားဝန်ထမ်းကြိုပို့ယာဉ် ဘီအမ်ကားတစ်စီးက ဝင်ရောက်တိုက်မိခဲ့ကြောင်း၊ ဒိုင်နာယာဉ်ပေါ်ပါ အလုပ်သမားအချို့ ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ပြီး ဒဏ်ရာ ပြင်းထန်သူ ခုနစ်ဦးအား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိကာ ဘီအမ်ယာဉ်ပေါ်ပါ အလုပ်သမားများအနက် ပွန်းပဲ့ဒဏ်ရာရရှိသူ နှစ်ဦးအား မြောက်ဥက္ကလာပဆေးရုံကြီးနှင့် ရန်ကုန်ဆေးရုံကြီးတို့သို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မှုစစ်မှ စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး (၄၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် စက်တင်ဘာ ၃၀ ရက်တွင် ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းရုံး၌ တပ်ရင်းများမှ အရာရှိများအား တွေ့ဆုံ၍ တပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နယ်မြေခံတပ်ရင်းခန်းမ၌ တပ်ရင်းများရှိ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ရုပ်မြင်သံကြားဖမ်းစက်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေနှင့်အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် အမှတ်(၃) စစ်မှုထမ်းဟောင်း စံပြကျေးရွာ (သပိတ်ကုန်း) ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ဗိုလ်ချုပ်တင်ငွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ (၄၆)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဗိုလ်ချုပ်တင်ငွေနှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှ ပေးပို့သည့် (၄၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ဖတ်ကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ဂုဏ်ပြုဆုရရှိကြသော ရဲဝန်ထမ်းများနှင့် မိသားစုဝင်များအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဇော်မင်းအား ထိုင်းဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား ထိုင်းနိုင်ငံ Italian-Thai Development Public C o., Ltd. မှ Mr. Premchai Karnasuta နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား ထိုင်းနိုင်ငံ Italian-Thai Development Public Co.,Ltd. မှ Mr. Premchai Karnasuta နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၏ စီစဉ်မှုဖြင့်စက်တင်ဘာ ၂၄ ရက်က တာမွေမြို့နယ်အတွင်းရှိ ဈေးများ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် လျှပ်စစ်မီးများ စနစ်တကျ တပ်ဆင်အသုံးပြုခြင်း ရှိ၊ မရှိကို တောင်ပိုင်းခရိုင် ဈေးများရုံးမှ ဌာနခွဲမှူး ဦးစိန်ထွန်းနိုင်နှင့် အဖွဲ့ဝင်များ ဈေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း ကြေညာခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်း မရှိသည့် တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက် မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း၊ အများပြည်သူသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန	မှတ်ချက်
၁။	ဒေါင်းညီနောင် အမှတ်တံဆိပ် အစွမ်းထက်ကွမ်းရွက်လျက်ဆား	(F)ရုံ၊အမှတ်(၁၁)၊ ပထမထပ်၊ အဆင့်မြင့်ဈေးချို၊ မန္တလေးမြို့။	မှတ်ပုံတင်မရှိ
၂။	ဂရိတ်ဝမ်း သွားခိုင်၊ သွားကိုက်ပျောက်ဆေး	အမှတ်(၂၄)၊ ဘုရားကြီးတောင်ဘက်၊ အောင်မင်္ဂလာရပ်၊ မန္တလေးမြို့။	မှတ်ပုံတင်မရှိ
၃။	ရှင်ရသေ့ အားတိုးဆေး	ရှင်ရသေ့ ဆေးတိုက်၊ ရေငယ်၊ ပြင်ဦးလွင်မြို့။	မှတ်ပုံတင်မရှိ
၄။	ဦးသန်းနိုင် သွားခံတွင်းဆေး	အမှတ်(၁၄/စ-ဗ/၁၇)မြရည်နန္ဒာမြို့သစ်၊ မန္တလေးမြို့။	မှတ်ပုံတင်မရှိ
၅။	ကြက်တံဆိပ် ဘူးတစ်လုံးဆေးဝါကြီး	ညည-၇၉/၂၈၊ မင်းရဲကျော်စွာလမ်း၊ ၄၈×၄၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။	မှတ်ပုံတင်မရှိ
၆။	ပိစပ်(ခေါ်)ဂျာမနီပင်အရွက်မှုန့်	(၉၁)လမ်း၊၂၇×၂၈လမ်းကြား၊ ပလိုင်းရပ်၊ မန္တလေးမြို့။	မှတ်ပုံတင်မရှိ
၇။	ဒရာဂွန် ဆေးပရုပ်ဆီ	S-R တိုင်းရင်းဆေးဝါးလုပ်ငန်း၊အမှတ်(၅၆) ၆×၇ ဦးစန္ဒာလမ်း၊ ကျိုက်လတ်မြို့။	သက်တမ်းလွန်
၈။	ရီပို လေးဖက်နာသောက်ဆေး	အမှတ်(၁၀၉)၊ (၂၁)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။	သက်တမ်းလွန်
၉။	လေမင်းစကြာ ဆီးဝမ်းလေသက်ဆေး	အမှတ် (၈၄/၁၄) ရဲဘော်ကွက်သစ်ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။	သက်တမ်းလွန်

၃။ အများပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ အနောက်တိုင်းဆေးရောနှောထားသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါစံမညီဆေးဝါးအား ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အဆင့်မြင့်ကုန်တိုက် အဆင့်မြင့်ဝန်ထမ်းသင်တန်းဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၁

နိုင်ငံတကာအဆင့်မီ ကုန်တိုက်ကြီးများနှင့် ၂၀၁၁ နှစ်ဦးတွင် ဖွင့်လှစ်မည့် မြန်မာနိုင်ငံ၏ ပထမဆုံး လက်ကားကုန်တိုက်ကြီး (Wholesale Centre) တို့တွင် အဆင့်မြင့်တာဝန်ထမ်းဆောင်လိုသူများအတွက် အရည်အချင်းမြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၁၀)ကို N.L.E.C (International Education Centre)မှဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

Human Resources, Marketing, Soft Line, Hard Line, Centre Department, Operation Department, Admin Department, Inventory Data Processing, Warehouse, Bakery, Pharmacy, IT, Account, Finance ဌာနများတွင် အုပ်ချုပ်ရေးမှူးနှင့် မန်နေဂျာအဆင့် တာဝန်ထမ်းဆောင်လိုသူများ၊ တာဝန်ထမ်းဆောင်နေဆဲ ပုဂ္ဂိုလ်များအတွက် အရည်အချင်းမြှင့်တင်ရန် ရည်ရွယ်ဖွင့်လှစ်သောသင်တန်းဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားကတ် မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံနှင့်အတူ သင်တန်းဝင်ခွင့် လျှောက်ထားရမည်ဖြစ်သည်။

အလုပ်ခွင်သင်တန်းအတွက် သင်တန်းကာလမှာ နှစ်လဖြစ်ပြီး ဗြိတိန်နိုင်ငံ တက္ကသိုလ်၊ ကောလိပ်မှ ချီးမြှင့်မည့် နိုင်ငံတကာအဆင့်အောင်လက်မှတ်အတွက် သုံးလကြာတက်ရောက်ရမည်ဖြစ်သည်။

သင်တန်းဝင်ခွင့် လျှောက်လွှာများကို N.L.E.C အမှတ်-၈၂ (တတိယထပ်) အနော်ရထာလမ်း (၃၉လမ်းထောင့်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့နှင့် International Education Centre အမှတ်-၂၄၅ (ပထမထပ်) ဗိုလ်မြတ်ထွန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၂၂၅၊ ၂၅၀၁၅၀၊ ၇၃၀၄၉၆၁၃နှင့် ၀၉ ၅၁၂၇၃၀၀ တို့တွင် စုံစမ်းလျှောက်ထားနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တပ်ထိန်းသင်တန်းသားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သင်ခန်းစာများပို့ချ

ရန်ကုန် အောက်တိုဘာ ၁

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး မြင့်အောင်နှင့်အဖွဲ့သည် စက်တင်ဘာ ၂၉ ရက်တွင် မင်္ဂလာဒုံမြို့နယ် ဗဟိုတပ်ထိန်းသင်တန်းခန်းမ၌ လည်းကောင်း၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးခန်းမဆောင်၌ လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တပ်ထိန်းသင်တန်းသား ၄၅ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သင်ခန်းစာများ ပို့ချခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များ လသာမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ မဲရုံများ၌ မဲရုံသရုပ်ပြပုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ **ကျောဖုံးမှ**

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းရပ်များကို တင်ပြပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်၊ ရန်ကုန်တောင်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ခိုင်တို့က ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ထားရှိသည့် လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များလိုက်ပါလျက် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ မဲရုံအမှတ်(၁)၊ (၂) နှင့် (၃)တို့၌ မဲရုံသရုပ်ပြပုံကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ မဲရုံသရုပ်ပြပုံကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ဖွင့်လှစ်လျက်ရှိသည့် စာနယ်ဇင်းပညာသင်တန်း (၁/၂၀၁၀)မှ သင်တန်းသား၊ သင်တန်းသူများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံ အမှတ်(၁) စက်မှုဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး စက်ရုံသို့ရောက်ရှိပြီး အသံလွှန်လှိုင်းစနစ်ဖြင့် ပုလင်းဆေးကြောခြင်း၊ Vial Washing Auto Claue ကိရိယာဖြင့် ပိုးသတ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဒေါက်တာအောင်ငွေးဦးက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဝန်ကြီးသည် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ ဆေးဖြည့်ပြီး ပုလင်းများ တံဆိပ်ကပ်ခြင်း၊ ဘူးသွင်းခြင်း၊ ဆေးညွှန်း စာရွက်ထည့်ခြင်း လုပ်ငန်းအဆင့်ဆင့်နှင့် ထုတ်လုပ်ပြီး ဆေးပုလင်းများအား ဆေးသိုလှောင်ခန်း၌ စနစ်တကျသိုလှောင်ထားရှိမှု၊ ကုန်ကြမ်းစတို၌ ဓာတုဗေဒပစ္စည်း ၃၉၄ မျိုးနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ စနစ်တကျ သိုလှောင်ထားရှိမှုတို့ကို လည်းကောင်း၊ ဓာတ်ခွဲခန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံရာ စက်ရုံမှူးက ကာကွယ်ဆေး ထုတ်လုပ်မှုနှင့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ဖြည့်ဆည်းပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး G.M.P စနစ်နှင့်အညီ ထုတ်လုပ်ကြရန်နှင့် အရည်အသွေး ထိန်းသိမ်းရေးကို စနစ်တကျ စီမံဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မအူပင်မြို့နယ် မိုးစပါးအောင်မြင်ဖြစ်ထွန်းမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း မအူပင်ခရိုင်မန်နေဂျာ ဦးတိုးလွင်၊ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးညီလေးမောင်နှင့် ဆန်စပါးအထူးပြုဧရာဝတီ စီးပွားရေးလုပ်ငန်းစု ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ မိုးစပါးအောင်မြင်ရေးအတွက် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ငါးကြီးဂရက်ကျေးရွာ တောင်သူ ဦးခင်အောင်၏ လယ်မြေ၌ မိုးစပါး အောင်မြင်ဖြစ်ထွန်းနေမှု၊ ရောဂါပိုးမွှားကျရောက်မှု ရှိ၊ မရှိ၊ အောင်ရေရရှိမှု ရှိ၊ မရှိနှင့် ကုမ္ပဏီ၏ ပံ့ပိုးမှုဖြင့် စက်ရေတွင်းတူးဖော်ပြီး အောင်ရေရရှိရေး ပြင်ဆင်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

မအူပင်ခရိုင် တစ်ခုလုံးတွင် မိုးစပါး ၃၉၈၈၇၄ ဧက စိုက်ပျိုးရန် လျာထားသည့်အနက် ယနေ့အထိ ၃၉၁၉၆၄ ဧက (၉၈ ဒသမ ၂၇ရာခိုင်နှုန်း) စိုက်ပျိုးပြီးစီးနေပြီး မအူပင်မြို့နယ်အနေဖြင့် မိုးစပါး ၁၄၄၄၂၄ ဧက စိုက်ပျိုးရန် လျာထားသည့်အနက် ယနေ့အထိ ၁၄၂၉၁၉ ဧက (၉၈ ဒသမ ၉၆ရာခိုင်နှုန်း) စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စက်တင်ဘာ ၂၇ ရက်က မိခင်ကြီး ဒေါ်နှင်းညိုအား အမှူးထား၍ ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၅၀) ရပ်ကွက်နေ ဦးဝင်းကြည်-ဒေါ်ခင်ချိုချို မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) သို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။ (သတင်းစဉ်)

ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ပစ္စည်းလှူဒါန်း

ကော့ကရိတ် အောက်တိုဘာ ၁

ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ပစ္စည်းလှူဒါန်းခြင်း အခမ်းအနားကို စက်တင်ဘာ ၂ ရက်က ကျင်းပရာ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးထွန်းနိုင်ဦး-ဒေါ်လှဲ့လှဲ့မင်း မိသားစုက ငွေကျပ် သိန်း ၄၀ တန်ဖိုးရှိ မီးစက်တစ်လုံးကိုလည်းကောင်း၊ ကော့ကရိတ်မြို့နယ်အသင်း ရန်ကုန်မှ မီးစက်ရုံနှင့် အောက်ဆီဂျင်ဆလင်ဒါနှစ်လုံး၊ ကော့ကရိတ်မြို့နေ ဦးဟန်ကြူး-ဒေါ်ကျင်ဟုန်း မိသားစုက အောက်ဆီဂျင်ဆလင်ဒါ တစ်လုံး၊ (ဦးကြိုင်ပို့)-ဒေါ်အုန်းမြင့်မိသားစုက အောက်ဆီဂျင်ဆလင်ဒါတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ဝေသုံနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွှန့်ဝေတို့က လက်ခံရယူပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက ကျေးဇူးတင်စကားပြောကြားကာ ခရိုင်ဥက္ကဋ္ဌနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးတို့က ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကြသည်။ (ခရိုင်ပြန်/ဆက်)

မြို့ပြကျောက်ချောလမ်း ကွင်းဆင်းစစ်ဆေး

ဖရူဆို အောက်တိုဘာ ၁

ကယားပြည်နယ် ဖရူဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သော ရွှေပြည်သာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအား ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင်က ကွင်းဆင်းစစ်ဆေးရာ ဖရူဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျောက်ဖြူမြို့နယ် ပညာရေးငွေစုငွေချေးသမအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ကျောက်ဖြူ အောက်တိုဘာ ၁

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ပညာရေးဌာန ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျောက်ဖြူမြို့ အလက (၃) စန္ဒကူးခန်းမ၌ ဩဂုတ် ၃၀ ရက်က ကျင်းပရာ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်သွင်းကြပြီး ၂၀၁၀-၂၀၁၁ အတွက် ဒါရိုက်တာအဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။'

ဆက်လက်၍ ၂၀၁၀ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီး ခြောက်ဦးတို့အား မြို့နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်**(အောက်ပုံ)**နှင့် တာဝန်ရှိသူတို့က ဆုများ အသီးသီး ချီးမြှင့်ပေးအပ်ကြသည်။ (ခရိုင်ပြန်/ဆက်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)

၂-၁၀-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော်(တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
မြမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (သူ့ကျေးဇူးကို အမြဲအောက်မေ့အပ်၏)
တေးပဒေသာ
၈း၄၀ ဘဝအသွင်ကဗျာ့အမြင် (ကျေးဇူးတရား)
တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ ရင်ခုန်စီးဆင်းအနုပညာသတင်း (၁၀)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်-ရိုးသားသောသားပိုက်ကောင်လေး)
၁၁း၂၀ အာဆီယံအစီအစဉ်
နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ (နှလုံးသားနဲ့တာဝန်)
တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၆၉)
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (နဂါး)
၁၂း၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်)
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၄း၃၀ သောတရှင်လိုရာတေး
၅း၀၀ လေလှိုင်းကြားကပွဲတင်သံ
၅း၁၅ တေးပဒေသာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ခေတ်မရွေးသောတေးများ
၆း၀၀ ညနေခင်းသတင်း
၆း၁၀ တေးချစ်သူရွှေးသီတေးပန်းချီ
၆း၄၅ ချိုချစ်ဖွယ်
အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀ နိုင်ငံတကာသတင်း
နိုင်ငံရေးဦးတည်ချက်
၇း၁၀ တေးပဒေသာ
၇း၁၅ ရေဒီယိုအတိတ် တေးအရိပ်
၇း၃၀ သုတအဖြာဖြာ
တိုင်းရင်းဆေးပညာ (ရွှေသွင်း၍လှချင်သူများ သတိထားစရာ)
တေးပဒေသာ
၈း၀၀ ပြည်တွင်းသတင်း
၈း၁၅ -နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ
၈း၃၀ သံစဉ်တေးသွားမေတ္တာစကား
စီးပွားရေးဦးတည်ချက်
၈း၃၀ သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၈း၄၅ ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀ Radio Internet
၉း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀ အစီအစဉ်ပြီး၏။

ချည်မျှင်ရှည်ဝါစိုက်ခင်းနှင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး မလှိုင်မြို့နယ် ရေချိုဘူတာကျေးရွာရှိ မိုးနှောင်းငွေချည် (၆) ချည်မျှင်ရှည်ဝါ စိုက်ခင်းကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၃၀ ရက်တွင် မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ရေချိုဘူတာကျေးရွာရှိ အောင်မြင် ဖြစ်ထွန်းလျက်ရှိသည့် မိုးနှောင်းငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ခင်းကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ထို့နောက် မိတ္ထီလာ-မလှိုင်-တောင်သာ-မြင်းခြံလမ်း လမ်းသားတိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းကြံ့ခိုင်ကောင်းမွန်မှုနှင့် ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မြင့်စိုးသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီးရှိ ဆီမီးခုံ(၃) လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်း တာဝန်ခံက စီမံကိန်းလုပ်ငန်းများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မြင့်စိုးက စီမံကိန်းလိုအပ်ချက်များအပေါ် သုံးသပ်ရှင်းလင်း မှာကြားကာ ရေတင်စက်ရုံ တည်ဆောက်မည့်နေရာ၊ ရေငြိမ်ကန်တည်ဆောက်မည့်နေရာနှင့် စက်ယန္တရားကြီးများဖြင့် ပင်မမြောင်း တူးဖော်ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆီမီးခုံ(၃) လျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် နွားထိုးကြီးမြို့နယ် အတွင်းသို့ သောက်သုံးရေ ဖြန့်ဖြူးပေးရန်၊ ဒေသစိမ်းလန်းစိုပြည်ရန်၊ လယ်များကို စိုက်ပျိုးရေဖြန့်ဖြူးပေးနိုင်ရန်၊ မလှိုင်မြို့နယ်နှင့် တောင်သာမြို့နယ်များသို့ ဖြည့်စွက် ရေပေးဝေနိုင်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်မြင့်စိုးသည် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်၌ ရက် ၉၀ မနောသုခမျိုးစပါးများ စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် မလှိုင်မြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်း အမှတ် (၁) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မြင့်စိုးက လိုအပ်ချက်များကို သုံးသပ်မှာကြားပြီး လမ်းများအခြေအနေနှင့် လမ်းဘေးဝဲ၊ ယာ တစ်လျှောက်ရှိ ကျေးရွာများ လူမှုစီးပွားရေးဖွံ့ဖြိုးစည်ပင်နေမှုနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ဟသ်ာတမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ

ဟသ်ာတ အောက်တိုဘာ ၁

ကျောင်းနေအရွယ်ကလေးငယ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ဟသ်ာတမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ညွန့်က အဖွင့်အမှာစကားပြောကြား၍ ကုန်းလမ်းပို့ဆောင်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ဝင်း(**အပေါ်ပုံ**) က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး စာအုပ်ပါ သရုပ်ပြပုံများ၊ လမ်းအသုံးပြုသူများ လက်စွဲပါ မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရန် စည်းကမ်း၊ စက်ဘီးစီးသူများလိုက်နာရန် စည်းကမ်း၊ ခြေကျင်လျှောက်သူများ လိုက်နာရန် စည်းကမ်းချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆောင်ပုဒ်များကို ပရိဂျက်တာဖြင့်လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးခင်မောင်မြင့်က ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း၊ ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ဇော်ဇော်က ယာဉ်တိုက်မှုဖြစ်စဉ်များနှင့် လက်ရှိ အရေးယူဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ဒုတိယရဲအုပ်တင်အောင်ချိုက ယာဉ်များကို ထိန်းသိမ်းအချက် ပြနေပုံကို ကိုယ်တိုင်သရုပ်ပြ၍ လည်းကောင်း ပညာပေးဟောပြောကြသည်။

(ခရိုင် က-ည-န)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ပညာရပ်ဆိုင်ရာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန် အသင်း(ဗဟို) ပညာရပ်ဆိုင်ရာ ကော်မတီ၏ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး အစီအစဉ်အရ Fame ကုမ္ပဏီ၏ ပံ့ပိုးကူညီမှုဖြင့် အောက်တိုဘာ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲမှ ၁၁ နာရီထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ Fame ကုမ္ပဏီမှ ဒေါက်တာဦးခင်မောင်လွင်က "Alternative Medicine in Dental Practice" ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောမည်ဖြစ်သဖြင့် အသင်းသား၊ အသင်းသူများနှင့် စိတ်ပါဝင်စားသော သွားဘက်ဆိုင်ရာ ဆရာဝန်များ တက်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၆၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

ရန်ကုန် အောက်တိုဘာ ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ (၂၆၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အထူးဆုကြီး တစ်ဆု ကျပ်သိန်း (၁၀၀၀)

ဇ-၂၇၉၇၁၅

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)	**ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ**
ခ-၈၈၀၆၉၈	ဂ-၂၅၀၃၄၉
ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၃၀၀)ဆုများ	ဒ-၆၁၉၇၂၇
	န-၈၈၃၆၅၈
	ခ-၁၀၄၂၇၄
စ-၃၄၆၆၆၅	ဇ-၃၀၀၀၃၁
ဃ-၁၀၁၁၁၄	ဇ-၆၆၄၉၀၇
ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၂၀၀)ဆုများ	ဗ-၁၀၁၁၅၃
	ဗ-၄၉၂၇၉၄
ဖ-၇၇၄၇၉၈	ပ-၆၅၁၂၄၁
ခ-၄၉၃၈၅၉	ဌ-၉၁၅၄၉၉
ဆ-၂၉၂၈၉၇	ဒ-၂၁၀၉၁၇
ဂ-၅၆၆၆၂၉	ဂ-၇၆၈၃၅၂
ည-၂၂၇၄၈၇	စ-၃၆၁၆၈၄

News Watch (စောင့်ကြည့်) သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၁

FDI နှင့် ပတ်သက်၍ ခင်မောင်ညို (ဘောဂဗေဒ) ထင်သာမြင်သာ သုံးသပ်၊ လိုင်စင်မဲ့ယာဉ်များ နယ်အနှံ့ ဖမ်းဆီးအရေးယူနေ၊ မန္တလေးမြို့ သတ်မှတ်နယ်နိမိတ်များ၌ အဆောက်အအုံ ၅၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးမှသာ မြေဂရန်ထုတ်ပေးမည်၊ လာမည့် မင်္ဂလာဆောင်ရာသီ ဆက်စပ်လုပ်ငန်းများ ကြိုတင်ပြင်ဆင်၊ ထူးထူးခြားခြား ရာသီဥတုသုံးမျိုးကြောင့် ဒုတိယမုန်တိုင်းရာသီ ဂရုပြုရန်လိုအပ်၊ ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်မှ ဓာတ်မြေဩဇာနှင့် ဘီလပ်မြေတင်သွင်းမည်၊ ဒီဇယ်နှင့် အောက်တိန်းဆီဈေးနှုန်း လျော့ကျသွားသော်လည်း ရောင်းအား သိသာစွာမပြောင်းလဲ၊ PCO မှတစ်ဆင့် GSM မိုဘိုင်းလ်ဖုန်းခေါ်ဆိုကနယ်ခေါ်ဆိုနှုန်း သတ်မှတ်၊ အထကကျောင်းအချို့ အောင်ချက်ရာခိုင်နှုန်း ယခင်နှစ်ထက်တိုးတက်၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဓမ္မမိတ်ဆွေများ သဟာယတွေ့ဆုံပွဲကျင်းပ၊ တရုတ်နိုင်ငံသို့ ရေခဲရိုက် အသားအစိုများတင်ပို့လျက်ရှိ၊ ယုဇနဥယျာဉ်မြို့တော် စည်းကမ်းမဲ့ ရေသုံးစွဲမှုများရှိနေ၊ လယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေ လိုအပ်လျက်ရှိ၊ မိုးတွင်းကာလ ရပ်နားထားသော ကိုကိုးကျွန်းသဘော်ခရီးစဉ်စတင်၊ အမာ၊ ကဒုံချောင်းဝများရှိ ဗုံလုံ၊ ကျားပိုက်၊ ဝါးဖောင်များကြောင့် ရေယာဉ်များအခက်တွေ့၊ တစ်နှစ်လျှင် ကားအစီးရေ ၁၃၀၀၀ကျော် ထုတ်လုပ်နိုင်မည့် အဆင့်မြင့် ကားစက်ရုံဖွင့်လှစ်၊ ပြည်ပနိုင်ငံများမှ တရားမဝင် ပလတ်စတစ်အိတ်များ ပြည်တွင်းသို့ တင်သွင်းမှုများရှိနေ၊ ဘဏ်လုပ်ငန်းအောင်မြင်ရန် ချေးငွေစည်းမျဉ်းကန့်သတ်ချက်များ လျှော့ချရန်လိုအပ်၊ ဖြူးမြို့က ရွှေကျင်တောင် ပညာဒါနမေတ္တာ၊ စေတနာနေ့ကျောင်း၊ မောင်သန်းဆွေ (ထားဝယ်)၏ ချစ်ရေးမညီသည့် မေရီမိဖုရား၊ မြသူအောင်၏ ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေး၊ ရွှေစင်ကိုကို၏ တရုတ်နဲ့ ဂျပန်ထိပ်တိုက်မတွေ့အောင် ရှောင်ကြပါ၊ စောင့်ကြည့်ဂျာနယ်မှ စောင့်ကြည့်ရမည့်ပုဂ္ဂိုလ်များ၊ ခရီးသည်တင်ယာဉ်များ မြို့တော်အင်္ဂါရပ်နှင့်အညီ ပြင်ဆင်မှုမရှိက ယာဉ်ပိုင်ရှင်ကို အရေးယူမည်၊ သမ္မတဘားရက်အိုဘားမားက ဖောက်စ်နယူးစ်ကို ပြစ်တင်ပြောကြား၊ ထိုင်းသုဝဏ္ဏဘူမိလေဆိပ်တွင် ဆင်စွယ်များဖမ်းမိ၊ ဝါရှင်တန်ပြည်နယ်မှ ချမ်းသာသူများကို အခွန်ကောက်ရန် ဘီလ်ဂိတ်ထောက်ခံ၊ အင်တာနက် ကြားဖြတ်ဖမ်းယူကြည့်ရှုမည့် ဥပဒေမူကြမ်း ကွန်ဂရက်သို့ အိုဘားမားအစိုးရ တင်ပြမည်၊ ဖိလစ်ပိုင်အလံ ဖောက်ထိုးချိတ်ဆွဲမှုအတွက် အမေရိကန်အစိုးရတောင်းပန်၊ လက်နက်များခေတ်မီရေး ဒေါ်လာ ၇၂၅ ဘီလီယံ ရုရှားသုံးစွဲမည်၊ ပင်စင်သက်တမ်းနှင့် ပတ်သက်သော မကျေနပ်မှုအပေါ် ပြင်သစ်အလုပ်သမားများ ဆက်လက်သပိတ်မှောက်မည်၊ အစိုးရ၏ အသုံးစရိတ် ဖြတ်တောက်မှုအပေါ် ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပွား အစရှိသည့် ကမ္ဘာ့အရေး၊ မြန်မာ့အရေး၊ သတင်းအစုံအလင်ဖြင့် News Watch (စောင့်ကြည့်) ဂျာနယ်ထွက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁၀-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်+ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ကုသိုလ်ဖြစ်အောင်နေ" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၁)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၅)**
၈း၅၀	ပြန့်ပွားသာသနာဖြစ်တည်ရာ သုဒ္ဓဝိပဿနာရိပ်သာ
၉း၀၅	စီးပွားရေးလုပ်ငန်းရှင်များ အခွင့်အလမ်းများရရှိနိုင်မည့် Business Matching
၉း၂၅	"ဆေးဖက်ဝင်. . . ဝင်ငွေတိုး. . ဝဥပင်ကိုပျိုး"
၉း၄၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၀	ပန်းချီပြခန်း (IT ပန်းချီပြပွဲ)
၁၀း၂၀	သွားမယ်စားမယ် (SEINN LANN SOPYAY GARDEN)
၁၀း၅၀	MNL Preview
၁၁း၂၅	**ဘတောဝါနေဘာရီသတိ (ဖိုးကျော်၊ နေဆန်း၊ ထူးခန့်ကျော်၊ ထွန်းထွန်းဝင်း၊ စိုးမိုးကြည်၊ ဝင်းမင်းသန်း) (ဒါရိုက်တာ-ကြည်စိုးထွန်း)**
၁၂း၂၅	သူတို့ပြောတဲ့သူတို့အကြောင်း (သုံးထပ်ကွမ်းအကယ်ဒမီ ခင်သီတာထွန်းနှင့်တွေ့ဆုံခြင်း)
၁း၀၀	"ကုသိုလ်ဖြစ်အောင်နေ" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Talent Show (လီယိုနာဒ်မောင်မောင်လွင်)
၂း၅၀	VJ Choice
၃း၂၀	ရင်နှစ်ပန်းတို့လန်းစေချင်
၃း၃၀	စီးပွားရေးလုပ်ငန်းရှင်များ အခွင့်အလမ်းများရရှိနိုင်မည့် Business Matching
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၅)**
၄း၄၀	Sports Diary
၅း၀၅	သူတို့ဘဝသူတို့ဟာသ (ဦးမိုးကျော်)
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Movie Talk (ဇာတ်သဘင်မှ ရုပ်ရှင်သို့ကူးပြောင်းလာသောဇာတ်မင်းသားများ) (အပိုင်း-၄)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၂)**
၇း၁၅	A Night of Pop (Part-1)
၈း၀၀	MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၈း၃၀	ဟိုတယ်လမ်းညွှန် (မြမန္တလာဟိုတယ်)
၈း၄၅	ရင်နှစ်ပန်းတို့လန်းစေချင်
၉း၀၀	ဖက်ရှင်လမ်းညွှန် (Cover Girl)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၆)**
၁၀း၂၀	ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
၁၀း၄၀	ပြန့်ပွားသာသနာဖြစ်တည်ရာ သုဒ္ဓဝိပဿနာရိပ်သာ
၁၀း၅၅	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၁း၂၀	World of Knowledge (Ancient Megastructures Machu Picchu)
၁၂း၀၅	နယ်ဉ်ဆန်းထွင် သစ်သီးအလှဆင် (အရန်ဟင်းလျာအလှဆင်နည်း)
၁၂း၃၀	သဘာဝအလှရတနာ သစ်ခွကမ္ဘာ
၁၂း၄၀	ဘဝများ (ဗေလုဝ)
၁း၀၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (လေးထောင့်ကန် ငါးလုပ်ငန်းစခန်း)
၁း၁၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမျိုးမင်းစိုးနှင့်တွေ့ဆုံခြင်း)
၁း၄၀	ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ချိုမြမွှေးမွှေးပဲဆီနှင့် ကျန်းမာရေး)
၂း၁၅	Shooting Location (Olympic Tower မှ ရိုးခန်း)
၂း၃၀	တိရစ္ဆာန်လေးတွေမွေးကြမယ် (Selection 1)
၂း၅၀	အလှဆင်စရာ ပရိဘောဂကမ္ဘာ (တော်ဝင်မိသားစုပရိဘောဂ အရောင်းပြခန်း)
၃း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀	**ဘတောဝါနေဘာရီသတိ (ဖိုးကျော်၊ နေဆန်း၊ ထူးခန့်ကျော်၊ ထွန်းထွန်းဝင်း၊ စိုးမိုးကြည်၊ ဝင်းမင်းသန်း) (ဒါရိုက်တာ-ကြည်စိုးထွန်း)**
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၆း၁၀	Wigan - Wolverhampton	ESPN(Live)
၈း၂၅	Sunderland - Man U	ESPN(Live)
	Birmingham - Everton	STAR SPORTS (Live)
၁၀း၃၀	West Bronwich - Bolton	ESPN(SDD)
၁၁း၀၀	Stoke City -Blackburn	STAR SPORTS(SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ဝန်ကြီး ဦးစိုးသိန်းတို့ ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကျင်းပသည့် ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား (2010 Years International Day of Older Persons)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ UNFPA မှ ဌာနေကိုယ်စားလှယ် Mr. Mohamed S.Abdel -Ahad၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊

UNFPA မှ ဌာနေကိုယ်စားလှယ် Mr.Mohamed S.Abdel-Ahad နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ထမ်းများနှင့် အဘိုး၊ အဘွားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးမောင်မောင်ဆွေက အမှာစကားပြောကြားရာ၌ သက်ကြီးရွယ်အို ဘိုးဘွားမိဘများအပေါ် စာနာဆပ္ပား တန်ဖိုးထား၍ ပြုစုစောင့်ရှောက်တတ်သည့် မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာကို ပျက်ယွင်းမသွားအောင် စောင့်ထိန်းပေးကြရန်၊ ဘိုးဘွားမိဘများနှင့်အတူ လက်ရည်တစ်ပြင်တည်း စုစည်းနေထိုင်သည့် Extended Family System ကို အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ ဘိုးဘွားရိပ်သာများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရင်ပေါင်တန်းပြီး ဆောင်ရွက်နေသည့် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစီမံကိန်းကြီး အရှိန်အဟုန်မြင့်မားလာအောင် ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ "သက်ကြီးရွယ်အိုချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့" များ မြန်မာနိုင်ငံအနှံ့အပြား၌ ဖွဲ့စည်းထူထောင်နိုင်အောင် အားထုတ်ကူညီပေးကြရန်၊ ရပ်ရွာအခြေပြု သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လာအောင် ဝိုင်းဝန်းကြိုးပမ်းပေးကြရန်နှင့် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ အောင်မြင်ရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်၌ သက်ကြီးရွယ်အိုများ၏ အရေးပါမှုအခန်းကဏ္ဍကို ပိုမိုမြင့်မားအောင် မြှင့်တင်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် UNFPA မှ ဌာနေကိုယ်စားလှယ် Mr. Mohamed S.Abdel -Ahad က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဦးမောင်မောင်ဆွေက တစ်နိုင်ငံလုံး၌ အသက်အကြီးဆုံး အဘိုးတစ်ဦး၊ အဘွားတစ်ဦးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဘိုးဘွားရိပ်သာများအတွက် ဂုဏ်ပြုအလှူငွေများကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်ထံ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘိုးဘွားများအား ဆေးဝါးပစ္စည်းများနှင့် ဂုဏ်ပြုအလှူငွေများကို ပေးအပ်ကြသည်။

ထို့နောက် အဘိုး၊ အဘွားများကိုယ်စား အဘိုးတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဝန်ကြီးရုံးမြေညီထပ်၌ ခင်းကျင်းပြသထားသည့် ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

အထက(၁) တောင်ကြီး အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁

အထက(၁) တောင်ကြီး၏ ၁၉၄၅-၁၉၉၀ အထိ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးစံလင်း(သိပ္ပံပုံနှိပ်လုပ်ငန်း)ဖုန်း-၀၉-၅၁၁၈၄၄၅၊ ဦးကျော်ကျော်ညီ ဖုန်း-၀၉-၅၁၂၁၀၉၅၄၊ ဦးကျော်မြင့်ဖေး ဖုန်း-၀၉-၅၂၈၁၅၁၂၊ ဦးထွန်းဝင်း ဖုန်း-၀၉-၅၁၄၉၆၀၉၊ ဦးစိုင်းလိုင်းလိန် ဖုန်း-၀၉-၅၂၁၂၆၄၅တို့ထံ ဆက်သွယ်နိုင်ကြောင်း နှိုးဆော်ထားသည်။ (ကြေးမုံ)

KHIND ELECTRO WORLD ၏ သီတင်းကျွတ်ပွဲတော် အရောင်းမြှင့်တင်ရေး အထူးအစီအစဉ်

ရန်ကုန် အောက်တိုဘာ ၁

Monarch Company Limited က မလေးရှားနိုင်ငံလုပ် KHIND အမှတ်တံဆိပ်နှင့် ဩစတြေးလျနိုင်ငံတွင် ကျော်ကြားသော MISTRAL အမှတ်တံဆိပ် အဆင့်မြင့်အိမ်သုံး လျှပ်စစ်ပစ္စည်းမျိုးစုံကို လွန်ခဲ့သော ၁၄ နှစ်ကျော်မှ စတင်၍ ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများသို့ ဖြန့်ချိ ရောင်းချလျက်ရှိသည်။

မန္တလေးမြို့နှင့် အထက်မြန်မာပြည်မှ မိတ်ဟောင်းမိတ်သစ်များ၊ လက်လီနှင့် လက်ကားဝယ်ယူသူ အရောင်းကိုယ်စားလှယ်ကြီးများအတွက် KHIND Electro World အရောင်းခန်းမသစ်ကို အမှတ်(၁၃၄) (၂၆)လမ်း ၈၃ × ၈၄ လမ်းကြား အောင်မြေသာစံမြို့နယ် မန္တလေးမြို့၌ ဖွင့်လှစ်ထားပြီး KHIND, MISTRAL နှင့် MACO တံဆိပ် အဆင့်မြင့် လျှပ်စစ်နှင့် အီလက်ထရွန်နစ် ပစ္စည်းအမျိုးပေါင်း ၈၀ကျော်ကို ခင်းကျင်း ပြသရောင်းချပေးလျက်ရှိသည်။**(အောက်ပုံ)**

KHIND Electro World မှ ဝယ်ယူသုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်အထိ သီတင်းကျွတ်ပွဲတော် အရောင်းမြှင့်တင်ရေး အထူးအစီအစဉ်အဖြစ် မူလရောင်းဈေးမှ အထူးသက်သာသည့် ဈေးနှုန်းများဖြင့် ရောင်းချမည်ဖြစ်သည်။

နည်းပညာမြင့်မားသော Evaportive Air Cooler များကို MISTRAL (Singapore) မှ တင်သွင်း၍ မြန်မာပြည်တွင် ဖြန့်ချိလျက်ရှိသည်။ ရေငွေ့ပျံစနစ် (Evaportive Air Cooler) အသစ်များမှာ အဆင့်မြင့်နည်းပညာဖြင့် ပြုလုပ်ထားခြင်းကြောင့် ရိုးရိုးရေဖြင့်ပင် အခန်းတွင်းအအေးဓာတ်ကို ခံစားရရှိစေပြီး ရေခဲအသုံးပြုပါက ပိုမိုအေးမြသော အအေးဓာတ်ကို ခံစားရရှိစေမည်ဖြစ်သည်။

MISTRAL တံဆိပ်ဖြင့် နည်းပညာဆန်းသစ်သော ၃၆၀ ဒီဂရီပတ်လည်လှည့် ပန်ကာနှင့် ဒီဇိုင်းအသစ် မျှော်စင်ပန်ကာများ၊ ထမင်းပေါင်းအိုး၊ အသားကင်စက်၊ မိုက်ခရိုဝေ့ အသားကင်စက်၊ ချက်ပြုတ်ကြော်လှော်ရာတွင် မြန်ဆန်မှုရှိသည့် အပြင် လျှပ်စစ်ဓာတ်လိုက်ခြင်းအန္တရာယ်ကင်းဝေးသည့် လျှပ်စစ်သံလိုက်မီးဖိုများ (Induction Cooker)၊ ဒီဇိုင်းလှပသေသပ်သည့် ခေတ်မီ Glass Hob Gas Cooker (မှန်သားမျက်နှာပြင် ဂက်(စ်)မီးဖို)၊ Cooker Hood with Auto Cleaning (အလိုအလျောက် သန့်စင်စနစ်ပါ အငွေ့စုပ်စက်)နှင့် အခြားအိမ်သုံး လျှပ်စစ်ပစ္စည်းမျိုးစုံ ဖြန့်ချိထားသည်။

ယခု KHIND NANO ကျန်းမာရေး အထောက်အကူပြု ပန်ကာများ ထပ်မံရောက်ရှိလာပြီး နာနိုပန်ကာတွင် ကျန်းမာရေး လေစစ်ကိရိယာ သုံးဆင့်ပါဝင်ကြောင်း၊ စက်ရုံသုံး၊ လုပ်ငန်းသုံး ၂၄ လက်မအရွယ် Stand Fan, Wall Fan, Exhaust Fan ပန်ကာကြီးများ၊ အိမ်သုံးပန်ကာ အမျိုးပေါင်း ၃၆ မျိုးကျော် ရောင်းချလျက်ရှိကြောင်း၊ KHIND ခြင်ဖမ်းစက်မှာ ဟိုတယ်၊ စားသောက်ဆိုင်၊ ရေထွက်ပစ္စည်းများထုပ်ပိုးသည့် အအေးခန်း၊ အလုပ်ရုံများ၊ ဆေးရုံ၊ ဆေးခန်းများတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုကြကြောင်း၊ KHIND ဖုန်စုပ်စက်နှင့် လျှပ်စစ်မီးပူများမှာလည်း ရေရှည်အသုံးခံကြောင်း၊ MACO အမှတ်တံဆိပ် အဝတ်လျှော်စက်များ၊ ရေခဲသေတ္တာနှင့် Chest Freezer များမှာ စံချိန်စံညွှန်းမီ အရည်အသွေး အပြည့်အဝရှိကြောင်း၊ KHIND Electro World အမှတ်(၁၃၄) ၂၆ လမ်း ၈၃ × ၈၄ လမ်းကြား အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၃၆၇၂၀ နှင့် ၀၂-၉၁၀၂၂၅၃၆ တို့သို့ လည်းကောင်း၊ MACO Electronic (KHIND Digital World) Showroom အမှတ် (၂၀၄) မြေညီထပ် စက်ရုံလမ်း (MOB ဘဏ်ဘေး) မင်္ဂလာဈေးအနီး တာမွေမြို့နယ် ဖုန်း -၀၁-၂၀၅၁၃၀၊ ၉၀၀၀၀၀၇ နှင့် ၇၃၀၃၆၅၄၈တို့သို့ လည်းကောင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၆၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲကို ၁၃၇၂ ခုနှစ် နတ်တော်လဆန်း ၆ ရက် (တနင်္ဂနွေနေ့)မှ ပြာသိုလဆန်း ၉ ရက် (ကြာသပတေးနေ့)အထိ (၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၂ရက်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၃ရက်) အထိ ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော်အရှင်သူမြတ်များသည် ၁၃၇၂ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက် (အောက်တိုဘာ ၁၅ရက်) နောက်ဆုံးထား၍ ဝင်ခွင့်လျှောက်လွှာများကို ဓာတ်ပုံနှစ်ပုံနှင့်အတူ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ စာမေးပွဲဌာနခွဲ(တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ)သို့ ပေးပို့ရန်ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဆို-ဖြေဆိုရန်ပျက်ကွက်ပါက ပျက်ကွက်သည့်အကြောင်းကို ၁၃၇၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက် (နိုဝင်ဘာ ၁၇ ရက်) နောက်ဆုံးထား၍ အကြောင်းကြားရန်ဖြစ်ကြောင်း၊ စာမေးပွဲအတွက် ပြဋ္ဌာန်းချက်များမှာ ယခင်နှစ်များကအတိုင်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၁၀-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ -လယ်တီဆရာတော်၏ ဝါဆိုစဉ်အရပ်ဒေသများ
- ၇း၂၀ ၄။ ဓမ္မပူဇာတေး
- ၇း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၈။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၉။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၁၁း၃၀ ၅။ **ကာတွန်းအစီအစဉ် - အမြွှာစုံထောက် (အပိုင်း-၄၃)**
- ၁၂း၀၀ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း -မုန်းတယ် (နေတိုး၊ အိန္ဒြာကျော်ဇင်၊ ပြေဇင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
- ၁း၃၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၂း၀၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၂)**
- ၂း၅၅ ၉။ အပိတ်နှုတ်ဆက်စကား
- ၃း၀၀ ၁၀။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၄။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၅။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၅း၂၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၄၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၀။ စားဖိုဆောင်ချစ်သူ
- ၇း၀၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၁၂)**
- ၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ အမျိုးသားရေးတေးကဗျာ
- ၁၄။ နိုင်ငံရေးပါတီများဟောပြောချက်
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ လူရွှင်တော်စတား
- ၁၈။ အင်္ဂလိပ်စာသုတ
- ၁၉။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအစီအစဉ် -မိုးမြင့်ထက်မှ လင်းယုန်များ (အပိုင်း-၁) (နေမျိုးအောင်၊ ကျော်ဇောဟိန်း၊ ပပဝင်းခင်၊ ထက်အိကလျာနှင့် အနုပညာရှင်များ) (ဒါရိုက်တာ- ရဲဝန်ထမ်း ဟောင်းတစ်ဦး)**
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၁၁)**
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၃၀)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ရုံးကြီးလမ်းနေ ဒေါ်ခင်ခင်ဆွေ (ခ) ဒေါ်ခင်ရီက ဘိုးဘွားများသောက်သုံးရန် ရေလှောင်ကန်၊ လေးထပ်ဘိုးဘွားဆောင်သစ်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ပုသိမ်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် စက်တင်ဘာ၂၇ ရက်တွင် ပုသိမ်ကြီးမြို့နယ် နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ချီးမြှင့်ငွေနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ပုသိမ်ကြီးမြို့နယ် နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

Prolink မှ အသစ်ထွက်ရှိသော Product အသစ်များ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁

Prolink Business Partner ဆိုင်ကြီးများ မိတ်ဆုံညစာစားပွဲနှင့် Prolink မှ ထွက်ရှိသော Product အသစ်များအား မိတ်ဆက်ရှင်းလင်းပွဲကို စက်တင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့

ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှေးဦးစွာ Prolink ၏ Senior Sales Manager, Mr. Samuel က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး KMD Computer Group ၏ President, DCD Company Limited ၏ Managing Director ဒေါ်တင်တင်အေးက Prolink Product များ မြန်မာနိုင်ငံ ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ရွေးချယ်ဖြစ်ခဲ့ပုံကို ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ထို့နောက် Prolink ၏ Senior Quality Assurance, Mr. Tan Chee Sang က အသစ်ထွက်ရှိသော Prolink Product များအကြောင်းကို ရှင်းလင်းတင်ပြသည်။

Prolink Product များကို မြန်မာနိုင်ငံတွင် KMD Computer Group က တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ၁၉၉၇ ခုနှစ်ကတည်းက တင်သွင်းဖြန့်ဖြူးရောင်းချပေးနေခြင်း ဖြစ်ကြောင်း၊ Prolink မှထုတ်လုပ်သော Product များသည် စုံလင်လှပြီး အိမ်သုံးများမှ Enterprise Level များအထိ အသုံးပြုနိုင်သော Networking Product များ၊ LCD Monitor, LCD TV, Inverter, UPS များအပြင် Keyboard, Mouse, WebCam, CardReader အစရှိသော Gadget များပါ ထုတ်လုပ်လျက်ရှိသော Brand တစ်ခုဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်တွင် Prolink Netbook ကို စတင်ထုတ်လုပ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဈေးနှုန်းအချိုသာဆုံး Branded Netbook နှင့် ရောင်းအားအကောင်းဆုံး Netbook အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း၊ ယခု Prolink Notebook ကို စတင်ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းချုပ် (MCPA)၏ ဥက္ကဋ္ဌ ဦးရဲရင့်ဝင်းက MCPA တွင် ပြုလုပ်လျက်ရှိသော Network Lab အကြောင်းကို ရှင်းလင်းတင်ပြပြီး Prolink မှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းချုပ် (MCPA) သို့ Gigabit Switch များ လှူဒါန်းသည်။ Prolink သည် စီးပွားရေးလုပ်ငန်းရှင်များနှင့် မသက်ဆိုင်သော နည်းပညာဖွံ့ဖြိုးတိုးတက်မှုများအတွက် အဖွဲ့အစည်းများကို လှူဒါန်းခြင်း၊ လူမှုရေးဆောင်ရွက်မှု (CSR) Program များတွင်လည်း တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခြင်းစသည်ဖြင့် ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ကြောင်းလည်း သိရှိရသည်။

ယင်းနောက် Prolink နှင့် အင်တာနက်ဂျာနယ်တို့ ပူးပေါင်းတင်ဆက်သော ကျပ်တစ်သန်းတန် ပဟေဠိအစီအစဉ် အကြောင်းကို အင်တာနက်ဂျာနယ်၏ အယ်ဒီတာ ဦးကျော်ဇင်ထွန်းက ရှင်းလင်းတင်ပြပြီး ကံထူးသူ သုံးဦးကို Prolink မှ ဆုလက်ဆောင်များ ချီးမြှင့်ကာ အထူးဈေးနှုန်းဖြင့် အများဆုံး ဝယ်ယူအားပေးခဲ့ကြသော Business Partner ဆိုင်ကြီးများကို ဆုလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၁၀-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ အကပြိုင်ပွဲ
၈း၁၀ ၇။ ကဗျာပန်းဥယျာဉ်
၈း၂၀ ၈။ တေးဂီတအစီအစဉ်
၈း၃၀ ၉။ "တက္ကစီမီတာသင်လိုရာ"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ Local Talent
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂း၃၅ ၅။ Yan Can Cook
၁၂း၅၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၄၇)**
၁း၅၅ ၇။ **"မဟော်သဓာ"(အပိုင်း-၂) (အားသစ်၊ ချစ်စရာ၊ မင်းသစ်၊ မင်းဇော်၊ စိန်ပန်း) (ဒါရိုက်တာ-စန္ဒာရားသန်းဇော်)**
၂း၃၅ ၈။ International Science News
၂း၄၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂း၅၀ ၁၀။ International News
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဇေယျာရွှေမြေ F.C နှင့် ဥဿာယူနိုက်တက် F.C)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ အလှရှာမယ်လှကမ္ဘာဝယ်
၆း၃၅ ၆။ ယဉ်တစ်ကိုယ်မယ်
၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၁၉)**
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း - ၆၂)**
၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး "(အပိုင်း-၂၃)**
၁၄။ ဂီတတခါးလေးဖွင့်ပါဦး
၁၅။ အစီအစဉ်ပြီး၏။

လုပ်ငန်းစွမ်းရည်မြှင့် ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၁

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများအား လုပ်ငန်းစွမ်းရည်မြှင့် ဆင့်ပွားသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနရုံးတွင် စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်ထိ ဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းသို့ ဦးစီးအရာရှိ ခုနစ်ဦး၊ ဒု-ဦးစီးမှူး ၁၈ ဦး၊ စာရေးဝန်ထမ်း ၂၃ ဦး စုစုပေါင်း ၄၈ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။

(ကြေးမုံ)

ဆန်စပါးလုပ်ငန်းရှင်များအသင်း ဆိုင်းဘုတ်တင်ပွဲ သဲကုန်း၌ ကျင်းပ

သဲကုန်း အောက်တိုဘာ ၁

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သဲကုန်းမြို့၌ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲက သဲကုန်းမြို့နယ်အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် ကုန်သွယ်/လယ်ယာ မန်နေဂျာ ဦးသန်းဦးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးညွန့်ဝေတို့က အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးမြင့်သိန်းထွန်းက အသင်းကြီး၏ လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယရဲမှူးညွန့်ဝေနှင့် အသင်းဥက္ကဋ္ဌ ဦးငွေသောင်းတို့က မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း ဆိုင်းဘုတ်ကို တင်ပေးပြီး **(အပေါ်ပုံ)** တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား **ဝင်းတင် (ကြေးမုံ)**

ပရီမီယာလိဂ်ပွဲစဉ်(၇)မှာ ချယ်လ်ဆီးနှင့်အာဆင်နယ် ထိပ်တိုက်ဆုံပြီ

ပရီမီယာလိဂ်ပွဲစဉ်(၇)ကို အောက်တိုဘာ ၂ ရက်(ယနေ့)ညနဲ့ ၃ ရက်(တနင်္ဂနွေနေ့)တို့မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ချယ်လ်ဆီးနဲ့အာဆင်နယ် ထိပ်တိုက်တွေ့ဆုံတဲ့ လန်ဒန်ဒါဘီပွဲပါဝင်နေတာကြောင့် ပရိသတ်ရဲ့အာရုံကို အပြည့်အဝ ဖမ်းစားနိုင်ဦးမှာပါ။

ချယ်လ်ဆီး - အာဆင်နယ်

ပြီးခဲ့တဲ့ပွဲစဉ်(၆)မှာ နှစ်သင်းလုံး ရှုံးပွဲကြုံထားတာကြောင့် ဒီပွဲမှာ တင်ကစားပြီး အမှတ်ပြန်ရှာဖို့ရှိနေပါတယ်။ ချန်ပီယံလိဂ်ပွဲ နွဲ့ထားရလို့ နှစ်သင်းလုံး ပွဲပန်းလာမှာဖြစ်ပေမယ့် မန်ယူရဲ့ဖိအားပေးမှုက ရှိနေတာကြောင့် နှစ်သင်းလုံး ဒီပွဲကို အသေအချာပြင်ဆင်ပြီး ယှဉ်ပြိုင်လာမှာပါ။ ချယ်လ်ဆီးမှာ လမ်းပတ်နဲ့ ဘီနာယောင်တို့ ကြံ့ခိုင်မှုမပြည့်ဝပေမယ့် မာလူဒါ၊ မီခေးလ်နဲ့ အက်ဆီယံတို့ ပုံပိုးမှုကောင်းနေပါတယ်။ အာဆင်နယ်မှာအာရှာဗင်နဲ့ ချာမက်ခ်တို့ ဂိုးတွေရနေပြီး ကွင်းလယ်ကစားသမား နာဆရီလည်း ခြေစွမ်းပြနေတယ်ဆိုပေမယ့် ချယ်လ်ဆီးရဲ့စတမ်းဖို့ဒ်ဘရက်ချ်မှာတော့ အိမ်ရှင်အလေးသာသွားမယ့်ပွဲပါ။

ဆန်းဒါးလန်း - မန်ယူ

အာဆင်နယ်၊ လီဗာပူးတို့ကို နှစ်ပွဲဆက်တိုက်သရေကစားထားနိုင်တဲ့ ဆန်းဒါးလန်း ရစ်သမ်မှန်နေပါတယ်။ မန်ယူကတော့ အသင်းကြီးခြေစွမ်းမျိုးမရှိသေးဘဲ ရုန်းကန်နေရဆဲပါ။ ဝိန်းရွန်နေးမပါတဲ့ မန်ယူတိုက်စစ်ကို ဘာဘာတော့ဗ် ဦးဆောင်လာဖို့ရှိနေပါတယ်။ နာနီရဲ့

တောင်ပံတစ်ဖက်တည်းကိုသာ အားပြုကစားမယ့် မန်ယူရဲ့တိုက်စစ်ကို ဆန်းဒါးလန်း ထိန်းချုပ်နိုင်ဖွယ်ရှိပါတယ်။ ဒါပေမယ့် ပွဲကျပ်တွေ ဆက်တိုက်နွှဲနေရတဲ့ ဆန်းဒါးလန်း ခြေစွမ်းမကျဘဲ တက်ကြွလန်းဆန်းမှု ရှိနေမလားဆိုတာ စဉ်းစားစရာပါ။ အစဉ်အလာအရ မန်ယူသာ အသာစီးရနိုင်ပေမယ့် ဒါရင်ဘန့် ဦးဆောင်တဲ့ ဆန်းဒါးလန်းတိုက်စစ်ကို လျှော့တွက်ရင် မှားသွားပါလိမ့်မယ်။

ပရီမီယာလိဂ်ပွဲစဉ်(၇)ပွဲစဉ်များ

၂-၁၀-၂၀၁၀(စနေနေ့)

ညနေ ၆း၁၅ နာရီ
ဝီဂန် - ဝုလ်ဗာဟမ်တန်
ည ၈း၃၀ နာရီ
ဘာမင်ဂမ် - အဲဗာတန်
စတုတ်စီးတီး - ဘလက်ဘန်း
ဆန်းဒါးလန်း - မန်ယူ
စပါး - ဗီလာ
ဝက်စ်ဘရွန်း - ဘော်လ်တန်
ဝက်စ်ဟမ်း - ဖူလ်ဟမ်

၃-၁၀-၂၀၁၀(တနင်္ဂနွေနေ့)

ည ၇း၀၀ နာရီ
မန်စီးတီး - နယူးကာဆယ်
ည ၈း၃၀ နာရီ
လီဗာပူး - ဘလက်ပူးလ်
ည ၉း၃၀ နာရီ
ချယ်လ်ဆီး - အာဆင်နယ်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ဝင်များ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် အဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

ရန်ကုန် အောက်တိုဘာ ၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် အဖွဲ့ဝင်များအား တွေ့ဆုံသည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် အဖွဲ့ဝင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာတင်အောင်အေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဒေါ်မြင့်ကြည်နှင့် ဒေါ်ခင်လှမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကို၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီဥက္ကဋ္ဌ ဦးရဲထွန်း၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ(၄) တွင် ဖော်ပြထားပါသည်။

ယနေ့မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။